www.burmeseclassic.com

# လူ့ဘဝတန်ဖိုးထားမှုစရိုက် နှင့် လောကီမင်္ဂလာ ၁၂ ခန်း

## ချစ်စံဝင်း



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# လူ့ဘဝတန်ဖိုးထားမှုစရိုက်နှင့် လောကီမင်္ဂလာ (၁၂) ခန်း

အမျိုးသားစာပေဆုရ သတင်းစာဆရာ စာရေးဆရာ

## ချစ်စံဝင်း

၂၀၀၉ ခုနှစ် ဧပြီ ၁ ရက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၄၀၀၆၈၅၀၆၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၀၉၂၈၀၈၀၉
ထုတ်ဝေသည့်ကာလ
၂၀၀၉-ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်
အုပ်ရေ
၁၀၀၀
မျက်နှာဖုံးပန်းချီ - မောင်မောင်သိုက်
အတွင်းဖလင် - ထွန်းထွန်း
စာအုပ်ချုပ် - ကိုမြင့်

❖

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ရာပြည့်အော့ဖ်စက် (၀၅၉၀၁)
၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဒေါ်မော်မော်၊ ပန်းမျိုးတစ်ရာ စာပေ (၀၃၉၆၉)
တိုက်-၉၊ အခန်း ၂၀၃-၂၀၄၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၁၂၀၀ ကျပ်

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

၇၅၂
ချစ်စံဝင်း
လူ့ဘဝတန်ဖိုးထားမှုစရိုက်နှင့် လောကီမင်္ဂလာ (၁၂)ခန်း စာတမ်း
ချစ်စံဝင်း - ရန်ကုန်။
ပန်းမျိုးတစ်ရာစာပေ ၊ ၂၀၀၉။
၉၅-စာ ၊ ၂၀·၅ × ၁၃ စင်တီ
(၁) လူ့ဘဝတန်ဖိုးထားမှုနှင့် လောကီမင်္ဂလာ(၁၂)ခန်းစာတမ်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | စာတမ်းရှင်၏ကိုယ်ရေး | က |
| - | နိဒါန်း | ၁ |
| - | ရည်ရွယ်ချက် | ၂ |
| - | မင်္ဂလာဟူသည် | ၃ |
| - | အပြားပြားသောမင်္ဂလာများ | ၄ |
| - | ကောတူဟလမင်္ဂလာ | ၆ |
| - | ဘိသိက်မင်္ဂလာ (၁၂)ပါး | ၆ |
| - | ပွဲကြီးမင်္ဂလာဆင်ယင်မှု | ၁၀ |
| - | လောကီမင်္ဂလာ (၁၂)ပါး | ၁၁ |
| - | မင်္ဂလာတို့ဖြင့် ထုံးမွှမ်းအပ်သော လူ့နေမှုဘဝ | ၁၃ |


www.burmeseclassic.com

www.burmeseclassic.com


- အရှင်ဩဘာသာ ဘိဝံသ၏မင်္ဂလာအဖွင့် ၁၄
- ပရိတ်ရွတ်တော်မူခြင်း ၁၅
- မာတိဖြစ်လာခြင်းကို အလေးထားကြိုဆို ၁၆
- ကိုယ်ဝန်ဆောင်ခြင်းသားဖွားခြင်းသည်မင်္ဂလာ ၁၇
- ပုခက်တင်မင်္ဂလာ ၁၈
- အမည်ပေးမင်္ဂလာ ၂၁
- ပုဆိုးအင်္ကျီဝတ်ဆင်ခြင်း၊ ထမင်းဦးခွံ့ခြင်း ၂၃
- ပဗ္ဗဇ္ဇရှင်ပြုမင်္ဂလာအခမ်းအနား ၂၄
- မြန်မာတို့ ရှင်ပြုပုံ ၂၇
- လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာ ၂၉
- အယူအဆများ ၃၁
- လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာ (၁၀) မျိုး ၃၂
- လောကီမင်္ဂလာ (၁၂) ခန်း ၏ရည်ရွယ်ချက် ၃၄
- မဟာမင်္ဂလာမင်းခမ်းတော်၊ ခေါင်းဆောင်ပျိုးထောင်မှု ၃၇
- နိုင်ငံခေါင်းဆောင်ပြုစုပျိုးထောင်မှု ၃၈
- တောင်တွင်းကြီးမင်းသမီး၊ နားထွင်း၊ ၃၉
ဆံထုံးထုံး၊ ဒက်ဆင်တဘက်တင်၊
လက်ထပ်မင်္ဂလာအခါတော်ပုံ
- မြန်မာတို့တန်ဖိုးထားမှုစနစ် ၄၀
- နိဂုံး ၄၂
- ရည်ညွှန်းကိုးကားသည့်စာအုပ်များ ၇၆

နောက်ဆက်တွဲ (က)
- ဂဗ္ဘဝါသမင်္ဂလာပြုနည်း ၄၄

နောက်ဆက်တွဲ (ခ)
- ဝိဇာတမင်္ဂလာပြုနည်း ၄၆

နောက်ဆက်တွဲ (ဂ)
- သိရောဒကမင်္ဂလာပြုနည်း ၇၀
- ကင်ပွန်းတပ်မင်္ဂလာပွဲသိမ်းဆုပေး ၅၀

နောက်ဆက်တွဲ (ဃ)
- ကေသစ္ဆေဒမင်္ဂလာပြုနည်း ၅၄

နောက်ဆက်တွဲ (င)
- ဒေါဠာကရုဏာမင်္ဂလာပြုနည်း ၅၆

နောက်ဆက်တွဲ (စ)
- ဆင်ဖြူရှင်မယ်ချေင်း ၅၀

နောက်ဆက်တွဲ (ဆ)
- မင်းရဲဒိဗ္ဗချေင်း ၅၉

www.burmeseclassic.com

နောက်ဆက်တွဲ (ဓ)
- ဒါယကာမင်းတရားကြီးသမီးတော်မြတ် ရတနာကိုပုခက်တင်မင်္ဂလာပြု (လူးတား) ၆၀
နောက်ဆက်တွဲ (ဈ)
- နာမကရဏာမင်္ဂလာပြုနည်း အန္တတ္တသညာခေါ်စရာဖြင့် လျှော်စွာအညီ အမည်မှည့်အံ့သောငှာ .... ၆၁
နောက်ဆက်တွဲ (ည)
- ဒုဿဂဟဏ မင်္ဂလာပြုနည်း ၆၃
နောက်ဆက်တွဲ (ဋ)
- အာဟာရပရိဘောဂ မင်္ဂလာပြုနည်း ၆၅
နောက်ဆက်တွဲ (ဌ)
- ဘူမျာကရဏာ မင်္ဂလာပြုနည်း ၆၉
နောက်ဆက်တွဲ (ဍ)
- အလှူတော် မင်္ဂလာသြဘာစာ ၇၂
နောက်ဆက်တွဲ (ဎ)
- ထိမ်းမြားမင်္ဂလာပွဲတွင် ဖတ်ကြားသော သြဘာစာ-ဓကပိုဒ်ရတု ၇၄



## စာတမ်းရှင်၏ကိုယ်ရေး

လူ့ဘဝ တန်ဖိုးထားမှုစရိုက်နှင့် လောကီမင်္ဂလာ(၁၂)ခန်း စာတမ်းကိုရေးသူ အမျိုးသားစာပေဆုရ စာရေးဆရာသတင်းစာဆရာ ချစ်စံဝင်းကို အဖဦးကျော်စိန်၊ အမိဒေါ်လှသန်းတို့မှ ကဝမြို့နယ် ရစ်ကံကြီးရွာတွင် ၁၃၀၁ ခု ပြာသိုလဆန်း ၁၄ ရက်၊ ၁၉၄၀ ပြည့် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ဖွားမြင်သည်။

ငယ်စဉ်က ရစ်ကံကြီးရွာ သာသနာ့ဗောဓိက ပုဗ္ဗာရာမ ကျောင်းနှင့် ရစ်ကံကြီးရွာအစိုးရ မူလတန်းကျောင်းတို့တွင် စတင်ပညာ သင်ကြားသည်။ ရစ်ကံကြီးအရှေ့ကျောင်း ဆရာတော် ဦးဝိရိယ၏ တပည့်ရင်းဖြစ်သည်။

၁၉၅၃ ခုနှစ်တွင် ပဲခူးမြို့သို့ တက်ရောက်စာပေသင်ကြား သည်။ ပဲခူးမြို့ ဆရာဦးမောင်မောင် အလွတ်ပညာသင် ကျောင်းနှင့် ဆရာကြီး ဦးသာဒင်ကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ B.A ဘွဲ့ရရှိသည်။

၁၉၆၄ ခုနှစ်မှစ၍ စာပေလောကထဲသို့ ဝင်ရောက်ခဲ့ပြီး ဆရာသော်တာဆွေ၏ အပျိုစာအုပ်တွင် "ရန်ကစ် က ချစ်စံ" အမည်ဖြင့် သရော်စာများစတင်ရေးသားသည်။ ပထမဆုံးစတင်ပုံနှိပ် ထုတ်ဝေသော စာအုပ်မှာ ပါဏဗေဒ အဖွင့်နိဒါန်းဖြစ်သည်။ ၁၉၇၄ ခုနှစ်တွင် ပန်းမျိုးတစ်ရာစာပေကို တည်ထောင်သည်။

စာရေးဆရာချစ်စံဝင်းသည် ဆောင်းပါးပေါင်းအပုဒ် ၃၀၀၀ ကျော်၊ ဝတ္ထုတိုအပုဒ် ၅၃ ပုဒ်၊ ဝတ္ထုရှည် ၂ ပုဒ်၊ ပြဇာတ်ရှည် ၁ ပုဒ်၊ စာတမ်း ၂၈ စောင်၊ ရုပ်ရှင်ဝတ္ထုဇာတ်ညွှန်း ၅ ပုဒ်၊ ရုပ်ရှင် ဝတ္ထုဇာတ်လမ်း ၃ ပုဒ်၊ သီချင်း ၃ ပုဒ်နှင့် စာအုပ် ၁[illegible] အုပ် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ ဆရာချစ်စံဝင်းသည် [illegible]လောင်ခဲ့

www.burmeseclassic.com



၃၀ ကျော်ရှိ၍ ၁၉၈၆ ခုနှစ်က **ဤခရီးနီးသလား** စာအုပ်ဖြင့်လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်က **ဆန်ဖွပ်သည့်အဖိုးအို** စာအုပ်ဖြင့်လည်းကောင်း၊ အမျိုးသားစာပေဆု ရရှိခဲ့သည်။

၂၀၀၄ ခုနှစ်က **တကောင်းမှ အသစ်တွေ့ရှိမှု ပျူအထောက်အထားစာအုပ်**ဖြင့် သုတစွယ်စုံ စာပေဆုရရှိ၍ ၂၀၀၅ ခုနှစ်က **မြန်မာမြို့ဟောင်းတကောင်းရုပ်ပုံလွှာ**စာအုပ်ဖြင့် ပခုက္ကူ ဦးအုံးဖေ စာပေဆု ရရှိသည်။ ဆရာသည် နိုင်ငံပေါင်း ၁၇ နိုင်ငံသို့ စာပေခရီးအကြိမ် ၇၀ သွားရောက်ခဲ့သည်။ ဆရာသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုအနုပညာလုပ်ငန်း၊ ဘာသာရေးသာသနာရေးလုပ်ငန်းများ၊ စရုဟိတလုပ်ငန်း၊ အနာကြီးရောဂါသည် များပြန်လည်ထူထောင်ရေး၊ အမေနေ့ထွန်းကားရေး၊ ဓမ္မစေတီခေါင်းလောင်းရှာဖွေရေး၊ လူငယ်ရေးရာကိစ္စများ၊ နာဂစ်ပြန်လည်ထူထောင်ရေးစသည့် အများအကျိုးပြုလုပ်ငန်းပေါင်းများစွာကို ပြုလုပ်ခဲ့ပြီး လူ့ဘဝတန်ဖိုးထားမှု စရိုက်နှင့် လောကီမင်္ဂလာ ၁၂ ခန်းအပါအဝင် စာတမ်းပေါင်း ၂၉ စောင်ကို ရေးသားခဲ့သည်။

# လူ့ဘဝတန်ဖိုးထားမှုစရိုက်နှင့် လောကီမင်္ဂလာ (၁၂) ခန်း

**ချစ်စံဝင်း**

**နိဒါန်း**

၁။ မြန်မာတို့သည် မိမိတို့ရရှိထားသော လူ့ဘဝ၏တန်ဖိုးကို ပိုင်းပိုင်းခြားခြားသိရှိသူများ ဖြစ်သည်။ မြန်မာတို့သည် ဘဝကိုတန်ဖိုးထားသူများဖြစ်သည်။ ရရှိသောဘဝတွင် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးအတွက် ထိထိရောက်ရောက် အသုံးပြုလိုသူများ ဖြစ်သည်။ ထိထိရောက်ရောက် အသုံးပြုရန်အတွက် ထိထိရောက်ရောက် ပြင်ဆင်ကြသူများလည်းဖြစ်သည်။ တန်ဖိုးရှိသော လူ့ဘဝကို ကျက်သရေမင်္ဂလာအပေါင်းနှင့် ထုံမွမ်းထားကြသူတို့ဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာလူမျိုးတို့သည် ဘဝကို မင်္ဂလာအရောင်ရောင်နှင့် ဖွဲ့နှောင် ထားကြသည်။

၂။ မြန်မာတို့၏ ရှင်သန်မှုဘဝတွင်မြားမြောင်လှစွာသော မင်္ဂလာ အခမ်းအနားများရှိသည်။ မြတ်စွာဘုရား ကိုယ်တော်တိုင်ထားသည်း (၃၈)ဖြာသော မင်္ဂလာတရားတို့ကို ဟောကြားတော်မူခဲ့သည်။

www.burmeseclassic.com



မြန်မာတို့၏ရိုးရာစရိုက် ထုံးတမ်းစဉ်လာအရ ကျင်းပပြုလုပ်မြဲဖြစ်သော လောကီမင်္ဂလာ (၁၂) ပါးရှိသည်။

၃။ မြန်မာတို့သည် မိမိတို့ဘဝကို မိမိတို့တန်ဖိုးထားပုံ၊ တန်ဖိုးရှိအောင် နေထိုင်ကြပုံ၊ မိမိတို့ဘဝကို ကျက်သရေမင်္ဂလာဖြင့် ဖွဲ့နှောင် နေထိုင်ကြပုံများကို တင်ပြရန် -

**"လူ့ဘဝတန်ဖိုးထားမှု မြန်မာ့စရိုက်နှင့် လောကီရိုးရာမင်္ဂလာ ၁၂ ခန်း"**

စာတမ်းကို ရေးသားခြင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

၄။ လူ့ဘဝတန်ဖိုးထားမှု မြန်မာ့စရိုက်နှင့် လောကီရိုးရာမင်္ဂလာ ၁၂ ခန်းစာတမ်း၏ ရည်ရွယ်ချက်များသည် အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) လူ့ဘဝသည် တန်ဖိုးထားအပ်သောအရာဖြစ်သည်ကို သိရှိတန်ဖိုးထားစေရန်၊

(ခ) မြန်မာတို့က လူ့ဘဝတန်ဖိုးထားရှိရေးအတွက် မည်ကဲ့သို့ ဓလေ့စရိုက်များရှိသည်ကို ဖော်ထုတ်ရန်၊

(ဂ) မြန်မာတို့၏ လောကီရိုးရာမင်္ဂလာ (၁၂)ခန်း ထားရှိခြင်းနှင့် ဘဝတည်ဆောက်ပုံကို လေ့လာရန်၊

(ဃ) လောကီမင်္ဂလာအရပ်ရပ်နှင့် ရည်ရွယ်ချက်များကို ဖော်ထုတ်ရန်၊

(င) မင်္ဂလာအခင်းအကျင်းများထဲမှ မလိုလား၊ မပြုကျင့်တန်ရာများကို ရှောင်ရန်

တို့ဖြစ်သည်။



## မင်္ဂလာဟူသည်

၅။ ပေါရာဏကထာအဘိဓာန် အလိုအရ မင်္ဂလာဟူသော စကားမှာ ပါဠိသက်စကားဖြစ်၍

က။ မကောင်းမှုကိုသတ်ခြင်း၊

ခ။ ကြီးပွားခြင်း

ဟုအဓိပ္ပာယ်ဖွင့်ဆိုပေးသည်။

မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန်ကျမ်းတွင်ကား မင်္ဂလာမည်သောစကားရပ်ကို

က။ တိုးတက်ကြီးပွားရာအကြောင်းတရား၊

ခ။ ကောင်းမြတ်ခြင်း၊ တင့်တယ်ခြင်း၊ ကျက်သရေရှိခြင်း

ဟူ၍အဓိပ္ပာယ်ဖွင့်ဆိုသည်။

မင်္ဂလာကို ဘိသိက်မင်္ဂလာကျမ်းများက

**"မင်္ဂ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ"**

ဟုဝိဂြိုဟ်ပြုကြသည်။

**မင်္ဂ ပါပံ** = မကောင်းမှုအကုသိုလ် ထိုထိုသော ဘေးဒဏ်၊ ရန်မာန်အပေါင်းမကောင်းမှု မှန်သမျှတို့ကို

**လုနာတိ ဆိန္ဒတီတိ** = ပယ်လှီးရိတ်ဖြတ်ပျောက်စေတတ်၏။

**ဣတိတသ္မာ** = ထို့ကြောင့်

**မင်္ဂလံ** = မင်္ဂလာမည်၏

တစ်နည်း "မင်္ဂ သိရိ လဘိတုံ အလတိ အရဟာတီတိ မင်္ဂလာ"

ဟုဝိဂြိုဟ်ပြု၏။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလံ = မင်္ဂလာမည်၏။

မင်္ဂသီရိ = အလုံးစုံသော ကျက်သရေအပေါင်းကို
လဘိတုံ = ရစေခြင်းငှာ
အလတိ အရဟာတိတိ = ထိုက်၏။
ဣတိတသ္မာ = ထို့ကြောင့်
ဓင်္ဂလံ = မင်္ဂလာမည်၏။

မကောင်းမှုများ ကင်းစင်ပပျောက်၍ ကျက်သရေအပေါင်းနှင့် ပြည့်စုံခြင်းသည် မင်္ဂလာမည်၏။

**အပြားပြားသော မင်္ဂလာများ**

၆။ မြန်မာတို့သည် မင်္ဂလာနှင့်စပ်ဆိုင်ပါက
- က။ လောကီလောကုတ္တရာ မင်္ဂလာရှစ်ပါး၊
- ခ။ ကောလာဟလငါးပါး မင်္ဂလာ၊
- ဂ။ မင်္ဂလာတရား (၃၈) ပါး၊
- ဃ။ လောကီမင်္ဂလာ (၁၂) ပါး၊
- င။ မင်္ဂလာနှင့်စပ်ဆိုင်သော ဘိသိက် (၁၂) ပါး၊
- စ။ ကောတူဟလ မင်္ဂလာ (၁၀) ပါး၊
- ဆ။ ထိမ်းမြားခြင်း (၁၀) ပါးစသည်ဖြင့်ရှိ၏။

ဒသနိပါတ်မဟာမင်္ဂလဇာတ်လာ လောကီလောကုတ္တရာ မင်္ဂလာ ရှစ်ပါးမှာ
- ခပ်သိမ်းသော သတ္တဝါတို့ကို မေတ္တာထားရှိ ရှိသေခြင်း၊
- မိမိကိုယ်ကိုနှိမ့်ချ၍ အမျက်မထွက်ခြင်း၊
- အဆွေခင်ပွန်းတို့အား မထီမဲ့မြင်မပြုခြင်း၊
- မိမိဥစ္စာကို အဆွေခင်ပွန်းတို့အား အထိုက်အလျောက် ခွဲဝေပေးခြင်း၊
- အညီအညွတ်ရှိသော လင်ကိုရှိသေ၍ သီလရှိသော



သားသမီးတို့ကို ဖွားမြင်ခြင်း၊
- အရည်အချင်းကိုသိသော မင်းထံခစားခြင်း၊
- အစားအသောက်ပန်းနံ့သာတို့ကို စေတနာဖြင့် ပေးလှူခြင်း၊
- သီလ၊ သမာဓိ၊ ပညာကိုလက်ကိုင်ထား၍ မဂ်ဖိုလ်ကို ရရှိခြင်း

တို့ဖြစ်သည်။ မင်္ဂလာတရားနှင့်ပတ်သက်ပါက မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူသော အပြား (၃၈)ပါးရှိသော မင်္ဂလာတရား (၃၈)ပါးလည်းရှိသည်။ မင်္ဂလာနှင့်ပတ်သက်ပါ လောကပါလ လောကဗျူဟာ နတ်မင်းကြီးတို့က လူတို့က လူတို့ကို ပူးကပ်လျက်ကြွေးကြော်သော ကောလာဟလငါးပါးလည်းရှိသည်။
- နှစ်ပေါင်းရာကျော်ပါက စကြဝတေးမင်းကြီး ပေါ်ထွန်းလာမည်ဟုဆိုသော စက္ကဝတ္တိမင်္ဂလာ၊
- နှစ်ပေါင်းတစ်သိန်းကြာပါက ကမ္ဘာကြီးပျက်မည် ဟုဆိုသော ကပ္ပကောလာဟလမင်္ဂလာ၊
- နှစ်ပေါင်းရှစ်သောင်းကြာပါက ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူမည်ဆိုသော ဗုဒ္ဓကောလာဟလ မင်္ဂလာ၊
- လူ့ပြည်၌ (၁၂)နှစ်အကြာတွင် မင်္ဂလာတရား ပေါ်ထွန်းလာမည်ဆိုသော မင်္ဂလာကောလာဟလ မင်္ဂလာ၊
- လူ့ပြည်လောက (၇)နှစ် အကြာတွင် မောနေယျ အကျင့်မြတ်ကို ကျင့်နိုင်မည့်ပုဂ္ဂိုလ်ပေါ်လာ မည်ဟု သော မောနေယျကောလဟလာမင်္ဂလာတို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကောတူဟလမင်္ဂလာ

၄။ အခြားမင်္ဂလာ အမျိုးကားကောတူဟလမင်္ဂလာဖြစ်သည်။ ကောတူဟလမင်္ဂလာဆိုသည်မှာ အုတ်အုတ်ကျက်ကျက်တခဲနက်သော ကောင်းချီးသြဘာပေးသံကို ခေါ်သည်။ ကောတူဟလမင်္ဂလာ (၁၀) ပါးရှိသည်။

- သိရိမင်္ဂလာ = ဘုန်းကျက်သရေနှင့်ပြည့်စုံခြင်း၊
- ဇေယျမင်္ဂလာ = အောင်မြင်ခြင်း၊
- ဝရမင်္ဂလာ = မြင့်မြတ်ခြင်း၊
- သိဒ္ဓိမင်္ဂလာ = ပြီးစီးခြင်း၊
- သုတိမင်္ဂလာ = ဝမ်းမြောက်ခြင်း၊
- သြဘာမင်္ဂလာ = ချီးကျူးကြွေးကြော်ခြင်း၊
- ထောမနာမင်္ဂလာ = ချီးမွမ်းခြင်း၊
- ပဏ္ဍနာမင်္ဂလာ = ဆုတောင်းခြင်း၊
- သီတမင်္ဂလာ = အေးမြခြင်း၊
- သုခမင်္ဂလာ = ချမ်းသာခြင်း

ဟူသော ဆယ်ဖြာသော မင်္ဂလာတို့ဖြစ်သည်။

## ဘိသိက်မင်္ဂလာ ၁၂ ပါး

၅။ ဘိသိက်ဆိုသည်မှာ မာဂဓဘာသာမှ ဆင်းသက်လာသော အဘိသေကသဒ္ဒါသည် သွန်းလောင်းခြင်းဟု အနက်ရပြီး

စေတိယသဒ္ဒါကို စေတသိက်
ကရဝိကသဒ္ဒါကို ကရဝိက်
သိင်္ဂိနိက္ခသဒ္ဒါကို သိင်္ဂိနိက်
ပစ္စနိကသဒ္ဒါကို ပစ္စနိုက်



ဇမ္ဗူဒီပသဒ္ဒါကို ဇမ္ဗူထိပ်
သံခေပသဒ္ဒါကို သိခိပ်သဘောနှင့်အညီ အဘိသေကသဒ္ဒါကို အဘိသိက်ဟုခေါ်သည်။ အောင်ပါစေကြောင်း အောင်စေကြောင်း ဆုမွန်တောင်း၍ ပန်းသပြေ ရေတကောင်းနှင့် သွန်းလောင်းခြင်း နိမိတ်မင်္ဂလာသည် ဘိသိက်မည်၏။ ထို့ကြောင့် မင်္ဂလာအခမ်းအနားတိုင်းတွင် ဘိသိက်ပါရသည်။ ဘိသိက်ကို ပုရောဟိတ်၊ သုခမိန်တို့က ပြုလုပ်ရသည်။ သုခမိန်ဆိုသည်မှာ ဦးအုန်းရွှေ သတ်ပုံအဘိဓာန်အလိုအရ မွန်စကား "သိုက်ခမာ" မှလာ၍ နူးညံ့သိမ်မွေ့သူဟုဆို၏။ ပုရောဟိတ်ဆိုသူမှာ ပုရဟိတ်၊ ပုရဟိတော၊ ပုရဟိတ၊ ပရဟိတ အများအကျိုးကို ဆောင်ရွက်သူဖြစ်သည်။ ထို့ကြောင့် ဘိသိက်ကို အများအကျိုးဆောင်၍ နူးညံ့သိမ်မွေ့မှုရှိသော ပညာရှိပဏ္ဍိတ်တို့မှသာ ဘိသိက်ဆရာအမည်ခံ၍ ပြုလုပ်ရသည်။ ပညာမရှိသူ၊ အက္ခရာပါဠိကို ပီသအောင်မရွတ်နိုင်သူ၊ လော်လည်ဖောက်ပြားလောင်းကစားသူ၊ ငယ်ရွယ်လွန်းသူ၊ ခြေလက်အင်္ဂါချို့ယွင်းသူ၊ မ,သဘာဝသက်ဝင်သူတို့ ဘိသိက်ဆရာမပြုအပ်။ မင်္ဂလာကိုဆောင် ကြဉ်းရာတွင် ဘိသိက်ဆရာသည် လွန်စွာမှ အရေးကြီးသည်။ ဘိသိက် (၁၂)ခန်းရှိသည်။ ယင်းတို့မှာ-

- ထိမ်းမြားခြင်းမင်္ဂလာဝိဝါဟ ဘိသိက်၊
- ဆင်၊ မြင်း၊ ဥစ္စာရတနာတို့ကို သိမ်းမြန်းအပ်သော သိမ်းမြန်းခြင်း မင်္ဂလာဘိသိက်၊
- အိမ်ရှေ့ဥပရာဇာအရာကို အပ်နှင်းသောဥပရာဇာ ဘိသိက်၊
- မိဖုရားခေါင် ဆောင်နှင်းသောမဟေသီ ဘိသိက်၊
- မင်းအဖြစ်ခံယူသောရာဇ ဘိသိက်၊
- ရွှေဘုံရွှေနန်းသိမ်းမြန်းစိုးစံသော ဒွါဒရာ ဘိသိက်

www.burmeseclassic.com

www.burmeseclassic.com



- ထီးဆောင်းမင်္ဂလာ မဟာဥကင်သဖွင့်လှစ်သော သိရီပဝေဒန ဘိသိက်
- ဘုန်းတန်ခိုးကျက်သရေ တိုးပွားအောင်ပြုလုပ်သည့် သိရိယာ ဘိသိက်
- လေးနှစ်တစ်ကြိမ်စသည်ဖြင့် နှစ်ပတ်လည်ကျင်းပသော မုဒ္ဒါ ဘိသိက်
- စစ်အောင်ရန်စီရင်သော ဝိဇယာ ဘိသိက်
- လူရှင်ရဟန်းတို့ချမ်းသာစေအောင်စီရင်သော သကလာ ဘိသိက်
- ဘုန်းတော်ကြီးသက်တော်ရှည်ရန် စီရင်သော မဟာ ဘိသိက် အာယုသာဘိသိက်တို့ဖြစ်၍ ဘိသိက် မြောက်အောင် စီရင်ရာတွင် အမှားမှားအယွင်းယွင်း၊ ဖျင်းဖျင်း အအ၊ ပေါ့ပေါ့ဆဆမပြုရာ။ ထိုသို့ပြုက မင်္ဂလာခံ ကာယကံရှင်တို့၏ အကျိုးကိုဆောင်သည်မမည်၊ ရှုံ့ချသောသဘောသို့ ပင်ရောက်ရှိသည်။ ဘိသိက် မင်္ဂလာပွဲကိုစီရင်ရာတွင် အဆင့်ခုနစ်ဆင့်ထားရှိအပ်သည်။

ပထမ ပဏာမ (မင်္ဂလာအခမ်းအနားကျင်းပမည့် အကြောင်းကြေငြာခြင်း။)

ဒုတိယ ဘုရားပင့်ခြင်း၊

တတိယ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘတို့အား ကန်တော့ခြင်း၊

စတုတ္ထ မင်္ဂလာပြုခြင်း၊

ပဉ္စမ နတ်ဒေဝါအပေါင်းတို့အားပူဇော်ခြင်း၊



ဆဋ္ဌမ ဆုံးမခြင်းဩဝါဒပြုခြင်း၊

သတ္တမမင်္ဂလာပွဲ အောင်မြင်ကြောင်း ကြေညာခြင်းတို့ ဖြစ်သည်။ အခမ်းအနားများကို တူရိယာဝိုင်းနှင့် တွဲဖက်ကျင်းပနိုင်သည်။ မင်္ဂလာအခမ်းအနားမတိုင်မီ မင်္ဂလာရှိသော ကာလပေါ်သီချင်း တီးလုံးဆန်းများ တီးမှုတ်နိုင်သည်။ အခမ်းအနား အစီအစဉ်နှင့် လျော်ညီစွာ မင်္ဂလာရှိသော သီချင်းကြီး၊ သီချင်းခန့်၊ ယိုးဒယား၊ ပတ်ပျိုး၊ ကြိုးအဲ့ တို့ကို ကျက်သရေမင်္ဂလာအပေါင်းကို ခညောင်းခံယူ၍ တီးမှုတ်နိုင်သည်။ ဘိသိက်ဆရာနှင့် တူရိယာဆရာတို့ ညှိနှိုင်းမှုရှိရန်လိုသည်။ မင်္ဂလာအခါများတွင် ရှေးသီချင်းကြီးများဖြစ်လျှင်ပြီးရော မဟုတ်။ မင်္ဂလာအခါသဘင်တို့၌ မင်္ဂလာမရှိသောမယ်ဘွဲ့၊ မောင်ဘွဲ့၊ လင်ပျောက်၊ မယားပျောက်ရှာ၊ အလွမ်းဘွဲ့သီချင်း၊ အဆွေးဘွဲ့ သီချင်းများကို မဆိုရ။ ဆိုသူကလည်းမဆို၊ ခိုင်းသူကလည်းမခိုင်း၊ တီးသူကလည်း မတီးရ။ သိကတားမြစ်ရမည်။ သို့မဟုတ်ပါက မင်္ဂလာရှင်ကို ကျိန်ဆဲရာရောက်သည်။ မင်္ဂလာရှင်ကို ကျိန်ဆဲဘိ သကဲ့သို့ရှိ ခြင်းကြောင့် မင်္ဂလာမမြောက်ဘဲ ဒဏ်ဆယ်ပါး၊ အပြစ် ရှစ်ပါး၊ ဘေး ၂၅ ပါးတို့နှင့် ကြုံတွေ့ရတတ်သည်ဟု လောကဟိတ စသော ကျမ်းတို့ကဆိုသည်။ သီချင်းရွေးရာတွင် ပဏာမခန်း၌ ရွှေဘုန်း ရွှေဘုန်းကြီးမုန်ညှောင် ရွှေသဇ္ဈာကြိုး၊ သတင်းငယ်ကြေညာ ဘုန်းတော် ဘွဲ့စသည်ဖြင့် ဘုန်းဘွဲ့တစ်ခုခု။ ဘုရားပင့်ရာတွင် ထူးမခြားနား ရောင်ခြည်တော်ဘွဲ့၊ မာရဝိဇယပတ်ပျိုး၊ စိန္တေကိုးဆယ်ပတ်ပျိုး စသည်ဖြင့် ရတနာသုံးပါးနှင့်စပ်ဆိုင်ရာ သီချင်းတစ်ခုခု [illegible] အနန္တငါးပါးကန်တော့ရာတွင် ဇေယျာအောင်ချာကြိုး၊ ရွှေဘုန်း[illegible] ပပဝင်းဝင်း၊ ကျွန်းကျွန်းပိုင်သ၊ သို့မဟုတ် ဘုံဆောင်မြင့်ကြီး [illegible] ပြခန်းတွင် ထိမ်းမြားမင်္ဂလာဆိုပါက ချစ်သမျှကိုပတ်ပျိုး[illegible]

www.burmeseclassic.com

www.burmeseclassic.com



သစ္စာ ပတ်ပျိုး၊ သုံးလူ့ပေါ်ယိုးဒယား၊ ထောင်ရောင်နေကသော သီချင်းကြီး သီချင်းခန့်တစ်ခုခုဆိုရသည်။ ဝေဒပူဇနိယ ခန်းဆိုပါက ပုံနှိုင်းဝတ်သာနတ်ပင့်ကြိုး၊ ရွှေနန်းအောင်မြေ၊ မာလာဂန္ဓာ၊ မွှေးမွှေးသင်းသင်း ဒေဝဒူတနတ်ကြိုး၊ ဇမ္ဗူသိင်္ဂါပြိုးပြက်နတ်ပင့်ကြိုးတို့ကိုတီးရသည်။ ဆုံးမခန်းတွင် စိန်ကြောင်နီလာပတ်ပျိုး၊ မဏိကဥ္စနာပတ်ပျိုး၊ ယင်း အစားသြဘာစာရေးသား၍ ဖတ်ကြားနိုင်သည်။ အောင်မြင်စွာ ပြီးစီးခြင်းနိဂုံးတွင် ဇေယျာအောင်စည်ပတ်ပျိုး စသည်တို့ကို ဆိုရတီးရသည်။

## ပွဲကြီးမင်္ဂလာဆင်ယင်မှု

၉။ မင်္ဂလာအခမ်းအနားတွင် ဘိသိက်ဆရာသည် ပွဲကြီးမင်္ဂလာဖြစ်ပါက တောင်ရှည်ပုဆိုး၊ ထိုင်မသိမ်းအင်္ကျီ၊ ပုဏ္ဏားတော် မကိုဋ်၊ မရှိပါကမြန်မာခေါင်းပေါင်း၊ ပဝါဖြူလက်ကန်တော့သိုင်း၍ဆောင်ရွက်ရာ၏။ အလယ်အလတ်မင်္ဂလာပွဲများဖြစ်ပါက ပုဆိုးရှည်၊ ရင်ဖုံးအင်္ကျီ၊ မြန်မာခေါင်းပေါင်း၊ ပဝါဖြူလက်ကန်တော့ တင်၍ဆောင်ရွက်ရာ၏။ သာမန်မင်္ဂလာပွဲများဆိုပါက ပိုးပုဆိုး၊ ရင်ဖုံးအင်္ကျီ၊ မြန်မာခေါင်းပေါင်းဝတ်ဆင်ဆောင်ရွက်ရသည်။ မင်္ဂလာအခမ်းအနားတို့တွင် အနက်ရောင်၊ အညိုရောင်၊ အပြာရောင်စသောအရောင်များကို ရှောင်ရာ၏။ မင်္ဂလာပွဲသို့ကြွရောက်လာသော ပရိသတ်တို့ကလည်း အခမ်းအနားနှင့် အညီ ဝတ်ဆင်ကြွရောက်ချီးမြှင့်ရာ၏။ သို့မှသာ ချီးမြှင့်ရာဖြစ်၍ သို့မဟုတ်ပါက မင်္ဂလာပြုသူတို့၏အကျိုးကို မလိုလားရာရောက်၏။ မင်္ဂလာအခမ်းအနား များကို ဆောင်ရွက်ရာတွင် နှစ်ကောင်း၊ လကောင်း၊ နေ့ကောင်း၊ ရက်မြတ်တို့ကို ပညာရှိတို့ထံ မေး၍ မင်္ဂလာအချိန်ကောင်း အခါကောင်းကို ရွေး၍ပြုလုပ်ကြသည်။



မင်္ဂလာအချိန်အခါရွေးရာတွင် -

- တနင်္ဂနွေ- သောကြာ၊ မွန်းတည့်ခါ၊ ဘယာဘေးမျိုးအောင်၊
- တနင်္လာနှင့်၊ အင်္ဂါတစ်သီး၊ သုံးချက်တီး၊ ရန်မီးကင်းလွတ်ရှောင်၊
- ကြာသပတေးတစ်ထူး၊ ဗုဒ္ဓဟူးရက်၊ နေ့လျက်တက်၊ မပျက်ဤလူ့ဘောင်၊
- နေထွက်နေဝင်၊ စနေပင်၊ ဆောလျှင် ရန်မျိုးအောင် စသည်ဖြင့် မှတ်သားကာ

အချိန်ရွေးချယ် ဆောင်ရွက်ကြသည်။

## လောကီမင်္ဂလာ ၁၂ ပါး

၁၀။ မြန်မာတို့၏လူနေမှုဘဝတစ်သက်တာတွင် အလုံးစုံသော ကျက်သရေကိုဆောင်ရန် အလို့ငှာလောကီ မင်္ဂလာ ၁၂ ပါးကို သတ်မှတ်ထားရှိသည်။ ယင်းမင်္ဂလာ ၁၂ ခန်းမှာ -

က။ ဂဗ္ဘဝါသမင်္ဂလာ ။ ။ သန္ဓေတည်နေကိန်းအောင်းသည်မှစ၍ မီးရှူးသန့်စင် မဖွားမြင်မီအထိ ပဋိသန္ဓေသား၏ကြီးပွားရာ ကြီးပွားကြောင်းကို ရည်ရွယ်၍ ပြုလုပ်သောမင်္ဂလာ၊

ခ။ ဝိဇာတမင်္ဂလာ ။ ။ မီးရှူးသန့်စင်ဖွားမြင်သောအခါ ပြုလုပ်သောမင်္ဂလာ၊

ဂ။ သိရောဒကမင်္ဂလာ ။ ။ ဖွားမြင်ပြီး ခြောက်လမြောက်ရက် ကြာမီအတွင်း တရော်

www.burmeseclassic.com

www.burmeseclassic.com



ကင်ပွန်းတို့ဖြင့် ဦးခေါင်း ဆေးလျှော်၍ ကင်ပွန်းတပ်ခြင်းမင်္ဂလာ၊

၃။ ကေသစ္ဆေဒနမင်္ဂလာ ။ ။ ဝမ်းတွင်းဆံကို ပထမစ၍ ပယ်သောမင်္ဂလာ၊ ရှင်သာမဏေပြုရာတွင် ဆံချသောမင်္ဂလာ၊

၄။ ဒေါဠာကရဏမင်္ဂလာ ။ ။ ပုခက်တင်မင်္ဂလာ၊

၅။ နာမကရဏမင်္ဂလာ ။ ။ နာမည်ပေးမင်္ဂလာ၊

၆။ ဒုဿဂ္ဂဟဏမင်္ဂလာ ။ ။ ပုဆိုး၊ ထဘီ၊ အင်္ကျီတဘက်၊ ဘယက်၊ တန်ဆာ၊ ဒွါဒရာတို့ ဆင်မြန်းပေးအပ်သောမင်္ဂလာ၊

၇။ အာဟာရပရိဘောဂမင်္ဂလာ ။ ။ ထမင်းဦးခွံ့မင်္ဂလာ၊

၈။ စူဠာကရဏမင်္ဂလာ ။ ။ ဆံပင်ထုံးဖွဲ့သောမင်္ဂလာ၊

၉။ ကဏ္ဏဝိဇ္ဈနမင်္ဂလာ ။ ။ ရတနာများချယ်သဝတ်ဆင်၍ နားထွင်းနားသမင်္ဂလာ။

၁၀။ ပဗ္ဗဇ္ဇမင်္ဂလာ ။ ။ ရှင်ပြုမင်္ဂလာ၊

၁၁။ အာဝါဟ ဝိဝါဟမင်္ဂလာ ။ ။ သတို့သားရှိရာသို့ သတို့သမီးကို ဆောင်ယူ သောလက်ထပ် ထိမ်းမြားခြင်းမင်္ဂလာ

တို့ဖြစ်ကြသည်။



**မင်္ဂလာတို့ဖြင့်ထုံမွမ်းအပ်သော လူနေမှုဘဝ**

၁၁။ မှော်ဘီဆရာသိန်းကြီးက လောကီမင်္ဂလာအရပ်ရပ်ကို သတ်မှတ်ရာတွင် ''မင်္ဂလာဆယ်ရပ်မှတ်ဖွယ်'' ဟုဆိုကာ လောကီမင်္ဂလာကို ဆယ်ရပ်သာထားရှိ၏။ မိဘတို့က ဝတ္တရားရှိသည်နှင့်အညီ သားသမီးတို့အား ချီးမြှင့်မြောက်အပ်သော ဆရာသိန်းကြီး၏အလိုဖြစ်သော မင်္ဂလာဆယ်ခန်းမှာ ပဋိသန္ဓေတည်မင်္ဂလာ၊ သားသမီးမွေးဖွားခြင်း၊ နာမည်ပေးခြင်း၊ ဆံချခြင်း၊ ပုခက်တင်ခြင်း၊ ထမင်းခွံ့ခြင်း၊ နားထွင်းခြင်း၊ ပုဆိုးဝတ်ဆင်ခြင်း၊ ကျောင်းထုံးခြင်း၊ ရှင်ပြုခြင်း တို့ဖြစ်သည်။ ရတနာဆင်မြန်းခြင်းနှင့် ထိမ်းမြားခြင်းမင်္ဂလာကို ရေတွက်မပြ သော်လည်း ယင်းစာအုပ်၌ ဆရာသိန်းကြီးက ထိမ်းမြားမင်္ဂလာကို စာအုပ်၏ဒုတိယပိုင်းအနေနှင့် သီးခြားအကျယ်တဝင့်ဖော်ပြသည်။ အမှန်စင်စစ် မြန်မာတို့သည် မိမိတို့အသက်ရှင်နေသမျှ ကာလပတ်လုံး မင်္ဂလာတရားတို့ဖြင့် သင်းထုံနေအောင် စီရင်သူများဖြစ်သည်။ မင်္ဂလာ ၁၂ ခန်းမှာ မိဘတို့က သားသမီးတို့အား ဆောင်ရွက်ပေးအပ် သော မင်္ဂလာတို့ဖြစ်၍ မြန်မာ့လူနေမှုဘဝတွင် အခြားသောလောကီမင်္ဂလာအများအပြားရှိသည်။ နေထိုင်ရေး စားသောက်ရေး၊ လုပ်ငန်းလုပ်ကိုင်ရေးကိစ္စအရပ်ရပ်တွင် ဝန်ထက်တင်မင်္ဂလာအုတ်မြစ်ချမင်္ဂလာ၊ အိမ်တက်မင်္ဂလာ၊ လယ်ထွန်မင်္ဂလာ၊ ကောက်ရိတ်သိမ်းမင်္ဂလာ၊ မွေးနေ့မင်္ဂလာ၊ အန္တရာယ် ကင်းမင်္ဂလာ၊ စစ်ထွက်မင်္ဂလာ၊ နှစ်သစ်မင်္ဂလာ၊ လုပ်ငန်းခွင်မင်္ဂလာ၊ နှံသာတ်နန်းသိမ်းမင်္ဂလာစသည်တို့အပြင် ရာသီအလိုက် ပြုလုပ်သောမင်္ဂလာ၊ နေ့စဉ်ပြုလုပ်သောမင်္ဂလာများ စသည်ဖြင့် မင်္ဂလာအထုံးထုံးလုပ်ကြသည်။ မင်္ဂလာဆိုသည်မှာ ကျက်သရေရှိခြင်း၊ မကောင်းမှု အဆုတ်တို့မှကင်းခြင်း၊ ပြည့်စုံခြင်းကြွယ်ဝချမ်းသာခြင်း၊ အေးချမ်းသာယာခြင်း

www.burmeseclassic.com



တင့်တယ်လှပ သိမ်မွေ့ခြင်းဟူသော အဓိပ္ပါယ်ဖြစ်သည်။ ယခုအခါ မြန်မာလူမျိုးတို့တွင် တစ်ဦးနှင့်တစ်ဦးနှုတ်ဆက်ရာတွင်ပင် "မင်္ဂလာပါ" ဟုပြောဆို နှုတ်ဆက်လာခဲ့ကြသည်။ မြန်မာတို့၏ မိမိတို့ဘဝကို မင်္ဂလာနှင့်ထုံမွှမ်းထားခြင်းသည် မိမိတို့ဘဝကို မိမိတို့တန်ဖိုးထားမှုပင်ဖြစ်သည်။

**အရှင်သြဘာသာဘိဝံသ၏ မင်္ဂလာအဖွင့်**

၁၂။ သုဓမ္မာဝတီစာပုံနှိပ်တိုက်ထုတ် အရှင်သြဘာသာဘိဝံသ မထေရ်မြတ်ရေးသားစီရင်အပ်သော

"**သုတေသန သရုပ်ပြအဘိဓာန်**" တွင် လောကအကျိုးအတွက် ဆောင်ရွက်သော လောကီမင်္ဂလာ (၁၂)ခန်းနှင့် ပတ်သက်၍ ဖွင့်ဆိုရာတွင်

(က) ပဋိသန္ဓေအချိန်အခါ လရက်စေ့ရောက်သဖြင့် ဖွားမြောက်အောင်မြင်ခြင်းမင်္ဂလာ၊

(ခ) ဖွားမြင်သည်မှ သုံးရက်မြောက်နေ့၌ ရတနာသုံးပါးနှင့် မိဘဘိုးဘွားဟူသော နန္ဒိမုခနတ်တို့အား ပူဇော်သော မင်္ဂလာ၊

(ဂ) ဖွားမြင်ပြီး ခုနစ်ရက်မြောက်တွင် ကျင်းပသော ဆံရိတ်ခြင်းမင်္ဂလာ၊

(ဃ) ရှေးသူဟောင်းတို့ သတ်မှတ်အပ်သော ရက်ကောင်းရက်မြတ်တွင် ပြုလုပ်အပ်သည့် ပုခက်တင်၊ ဇယောဉ်တင်မင်္ဂလာ၊

(င) ဖွားသည့်နောက်မှ (၇၅)ရက် မြောက်နေ့တွင် ပြုလုပ်သောကွမ်းဦးခွံ့မင်္ဂလာ၊



(စ) ဖွားမြင်သည်မှ သုံးလမြောက်နေ့တွင် ပြုလုပ်သော နေလပြမင်္ဂလာ၊

(ဆ) ဖွားမြင်သည်မှ ရက် (၁၀၀) တွင် ပြုလုပ်သော အမည်သညာပေးမင်္ဂလာ၊

(ဇ) ဖွားမြင်သည်မှ (၆)လကြာတွင် ပြုလုပ်သော ထမင်းဦးခွံ့မင်္ဂလာ၊

(ဈ) သင့်တင့်လျောက်ပတ်သော အချိန်တွင် ပြုလုပ်ပေးသော သျှောင်ထုံးဖွဲ့မင်္ဂလာ၊

(ည) သင့်တင့်လျောက်ပတ်ချိန်တွင် ပြုလုပ်ပေးသော နားထွင်းမင်္ဂလာ၊

(ဋ) သင့်တင့်သောအချိန်တွင် ပြုလုပ်ပေးသည် ပဗ္ဗဇ္ဇရှင်ပြုမင်္ဂလာ၊

(ဌ) သင့်တင့်လျောက်ပတ်သောအချိန်တွင် ပြုလုပ်ပေးသည့် လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာတို့ဖြစ်ကြသည်။

**ပရိတ်ရွတ်တော်မူခြင်း**

၁၃။ လောကီမင်္ဂလာအခမ်းအနားများတွင် ဆရာတော် သံဃာတော်တို့က ပရိတ်ရွတ်ဆိုတော်မူကြမည်ဆိုပါက ပဋ္ဌာဝါသမင်္ဂလာ၌ သမန္တာကစ၍ မေတ္တာသုတ်၊ အင်္ဂုလိမာလသုတ်၊ ပရိမိတ္တဇာလသုတ်တို့ကို ရွတ်ဆိုတတ်ကြ၍ ဓာရဏပရိတ်၊ ပရိမိတ္တဇာလသုတ်တို့ကို ရွတ်ဆိုတော်မူကြ၏။ ကေသစ္ဆေဒန၊ ဒေါဠာကရဏ၊ အာဟာရပရိဘောဂ၊ ကဏ္ဏဝိဇ္ဈန၊ နာမကရဏ၊ ဒုဿဂ္ဂဟဏ၊ စူဠာကရဏ၊ ပဗ္ဗဇ္ဇနှင့် အာဝါဟ၊ ဝိဝါဟ၊ မင်္ဂလာတို့တွင်ကား သမန္တာစ၍ အာဋာနာဋိယသုတ် ပုဗ္ဗဏှသုတ်စသည်တို့ကို ရွတ်ဆိုတော်မူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွတ်ဆိုရန် အချိန်မှာ နှုတ်ခံတွင်း သန့်ရှင်းပြီး ညနေ ၄ နာရီတွင် ရွတ်ဆိုတော်မူကြသည်။

## ဇာတိဖြစ်လာခြင်းကို အလေးထားကြိုဆို

၁၄။ မြန်မာတို့တွင် မင်္ဂလာအရပ်ရပ်ရှိသော်လည်း လောကီမင်္ဂလာ (၁၂)ခန်းကို ကြည့်ပါက မိဘတို့က သားသမီးတို့အား လူတစ်လုံးသူတစ်လုံးဖြစ်အောင် လုပ်ရသွင်းသော လုပ်ငန်းရပ်များဖြစ်သည်ကို တွေ့ရှိရသည်။ ပဋိသန္ဓေတည်ခြင်းကို မင်္ဂလာတစ်ခန်း အဖြစ် မှတ်ယူရာတွင် ပဋိသန္ဓေတည်ခြင်း ဇာတိဖြစ်လာရခြင်းသည် ဒုက္ခကြောင်းအစစ်ဖြစ်သော်လည်း လူ့ဘဝလူ့အဖြစ်ဖြင့် ဒုက္ခသံသရာမှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်သော ယောကျ်ားကောင်း ယောကျ်ားမြတ်၊ မိန်းမကောင်း မိန်းမမြတ်အဖြစ်ဖြင့်လည်း ဇာတိကို ဖြတ်တောက်နိုင်သူ သူတော်စင် သူတော်ကောင်းဖြစ်ဖို့အတွက်လည်း အခွင့်အလမ်းဖြစ်သော ဇာတိလူဖြစ်လာရခြင်းကို အလေးအမြတ်ထား ကြိုဆိုခြင်းဖြစ်ပါသည်။ ဇာတိလူ့အဖြစ်ကို ရရှိခြင်းဖြင့် လောကုတ္တရာသံသရာမှ လွတ်မြောက်အောင်သော်လည်းကောင်း၊ လောကီလူ့ဘဝအထွတ်အမြတ်တို့ကို ရယူရန်အတွက်လည်း အခွင့်ကောင်းများဖြစ်သောကြောင့် ပဋိသန္ဓေတည်ခြင်းကို မင်္ဂလာဟူ၍ မှတ်ယူကာသားလုရတနာ၊ သမီးလုရတနာတို့ကို မင်္ဂလာပြုကြိုဆိုခြင်း ဖြစ်သည်။ ပဋိသန္ဓေတည်ရှိနေစဉ်ကာလအတွင်းကိုယ်ဝန်ဆောင် မိခင်အား မိသားစုဝင်များကရော ဆွေမျိုးမိတ်ဆွေတို့ကပါ ကောင်းမွန်စွာ မွေးဖွားစေရေးကိုရည်သန်၍ စောင့်ရှောက်မင်္ဂလာပြု၏။ နောက်ဆက်တွဲ(က) ထိုနောက်မီးဖွားသန့်စင်၏။ ကျန်းမာစွာ မွေးဖွားသန့်စင်ခြင်းသည် လောကကို အကျိုးပြုသည့် ပုဂ္ဂိုလ်မြတ်၊ သာသနာပြုသူတော်ကောင်း သူတော်မြတ်ပေပဲဟုဆိုကာ မင်္ဂလာ



အခမ်းအနားပြု၍ ကြိုဆို၏။ ဦးခေါင်းဆေးလျှော်မင်္ဂလာပြုခြင်း၊ ဝမ်းတွင်းပါဆံပယ်မင်္ဂလာပြုခြင်း၊ ပုခက်တင်မင်္ဂလာပြုခြင်း၊ နာမည်ပေး မင်္ဂလာပြုခြင်း၊ ပုဆိုးအင်္ကျီဒြဒရာ ဆင်မြန်းသည့် မင်္ဂလာပြုခြင်း၊ ဆံပင်ထုံးဖွဲ့မင်္ဂလာ၊ ရတနာပန်ဆင်သည့် မင်္ဂလာအစရှိသော မင်္ဂလာတို့သည် လူ့ဘဝလူ့လောကအတွင်း ဝင်ရောက်လာသော ရင်သွေးငယ်အား အဆင့်ဆင့်အသိအမှတ်ပြုခြင်း၊ လူ့ဘောင် လောကအတွင်းသို့ သွတ်သွင်းခြင်းဖြင့် လူ့ဘဝအား တန်ဖိုးထားမှုကို ပြဆိုခြင်း ဖြစ်ပါသည်။

## ကိုယ်ဝန်ဆောင်ခြင်း၊ သားဖွားခြင်းသည်မင်္ဂလာ

၁၄။ ပဋိသန္ဓေကိန်းအောင်းသည်မှ မီးရှူးသန့်စင် မဖွားမြင်မီအတွင်း ပဋိသန္ဓေသား ကြီးပွားရာကြီးပွား ကြောင်းရည်စူး၍ ခုနစ်ရက်တစ်ကြိမ် သို့မဟုတ် တစ်လတစ်ကြိမ် စသည်ဖြင့် သန္ဓေသားနှင့်ပတ်သက်၍ အန္တရာယ်ကင်းအောင် အကြိမ်ကြိမ်ပြုအပ်သော မင်္ဂလာဖြစ်သည်။ မြန်မာများသည် အိမ်ဆောက်ရာတွင် သန့်ရှင်းသော လေဝင်ကောင်းသောနေရာတို့တွင် သမီးကညာကိုယ်ဝန်ဆောင်ပြီးပါက သားဖွားရန် မီးနေခန်းကို ထည့်သွင်းတည်ဆောက်တတ်ကြ၏။ ကိုယ်ဝန် တည်ရှိခြင်းကို မင်္ဂလာအဖြစ် လက်ခံကျင့်သုံးခြင်းဖြစ်သည်။ ကိုယ်ဝန်ဆောင်ကာလ ကိုးလလွန်ဆယ်လတွင်းသို့ ရောက်ပါက သန္ဓေသားသည် မီးရှူးသန့်စင်ဖွားမြင်သည်။ မီးဖွားခြင်းက လောကီသဘောအရမင်္ဂလာဟုသမုတ်၏။ မီးဖွားခြင်းမင်္ဂလာသည် မွေးဖွားလာသောသားရတနာ ရှင်လန်းပါစေ၊ ရောဂါဘယကင်းပါစေ၊ ဘောဂဆွေ့င်း၊ ဂမုန်းပန်းမျိုး၊ ဘုန်းရောင်တိုးပြီး၊ တန်ခိုးအနန္တနှင့် ပြည့်စုံပါစေကြောင်း ပြုလုပ်သော မင်္ဂလာဖြစ်သည်။ နောက်ဆက်တွဲ (ခ) ကိုယ်ဝန်ဆောင်ခြင်း၊ သားဖွားခြင်းမင်္ဂလာတို့နှင့်အတူ တရော်ကင်ပွန်းစသည်တို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ပြ၍ မင်္ဂလာပြု၏။ နောက်ဆက်တွဲ (ဂ) တစ်ဆက်တည်းအာဝင် ဝမ်းတွင်းပါ ဆံပင်ကို ပယ်သောမင်္ဂလာကိုလည်းပြု၏။ နောက်ဆက်တွဲ(ဃ) ဤမင်္ဂလာတို့မှာ ကလေးငယ်၏ ကျန်းမာရေးကို သတိထား စောင့်ရှောက်မှုများ ပင်ဖြစ်သည်။

ဝမ်းတွင်း ဆံပင်ရန်အကြောင်း မထားကောင်းဟု
လမ်းကြောင်းထင်စွာ

ဘဝိန္ဒာတို့၊ အချိန်ခါကောင်းပေး အကြောင်းရွေး
ခေါင်းဆေး မင်္ဂလာပြုပြီးခါ၌၊ မကြာဆံရိတ်၊ အတိတ်ယကြော
သူငယ်နာ မှက္ခရ၊ အဖုကျဗဟုံး၊ ကိုယ်လုံးကျောပူ
အပြင်စူထွက်
ကျောက်ဝက်သက်နှင့်၊ တစ်ချက်ကြက်ညှာ၊ မင်စာ တစ္ဆေ၊
စုန်းကဝေကစ၍
မနှောက်ယှက်ရအောင်၊ ကာကွယ်ဆောင်၍

ဟုဆိုလေရာ မွေးဖွားလာသော သားငယ်အန္တရာယ်ကင်းရေးကိစ္စများကို ဆောင်ရွက်ခြင်းသည်မင်္ဂလာမည် သောကြောင့် ကာကွယ်ဆေး၊ ကာကွယ်စောင့်ရှောက်မှုပြုခြင်းကိစ္စရပ်သည် မင်္ဂလာမည်ပါသည်။

## ပုခက်တင်မင်္ဂလာ

၁၆။ မြန်မာတို့၏ လူ့ဘောင်ဘဝတွင် ပုခက်တင်မင်္ဂလာသည် အရေးကြီးသော မင်္ဂလာတစ်ရပ်ဖြစ်သည်။ ကလေးသူငယ်အား ပုခက်တွင်ထည့်၍ ချော့သိပ်သောမင်္ဂလာဖြစ်သည်။ ပုခက်အမျိုးမျိုး ရှိသည်။ ဘုရင်မင်းမြတ်တို့က သားတော်သမီးတော်တို့အတွက် ရွှေပုခက်၊ ငွေပုခက်၊ ပတ္တမြားပုခက်စသည်တို့ကို ပြုလုပ်ချော့သိပ်တတ်ကြသည်။ အခြားသူတို့ကလည်း သစ်သားပုခက်ဆောင်ပန်းပုခက်များကို ပြုလုပ်၍ ချော့သိပ်တတ်ကြသည်။ ဆင်းရဲသူတို့



မှုကား အဝတ်ပုခက်ပြုလုပ်၍ ရင်သွေးငယ်တို့အား ချော့သိပ် တတ်ကြသည်။ ပုခက်သည် ရင်သွေးငယ်တို့အဖို့ ဒုတိယ အမေ့ရင်ခွင်ပင်ဖြစ်သည်။ အမေ့ရင်ခွင်သည် ရင်သွေးငယ်တို့အတွက် အလုံခြုံ စိတ်အချရဆုံးနှင့် နွေးထွေးမှုနှင့် အေးမြချိုမြိန်သော အမေ့နို့ရည်ကို ရရှိသောနေရာဖြစ်သည်။ အမေ့နို့ရည်ကို အမေ့ရင်ခွင်တွင်တာရှည်စွာ သောက်စို့ရသူတို့သည်ကိုယ်ရည်ကိုယ်သွေးကောင်းမွန်သူတို့ဖြစ်လာကြသည်။ ရက်စက်စွာနို့ အဖြတ်ခံရ သောကလေးတို့သည် ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းတတ်သည်။ မိခင်၏ရင်ခွင်တွင် ဝလင်စွာနေပြီးနောက် သီးခြားအိပ်ရာအိပ်ခင်းမပြုမီကလေးအား ပုခက်ဖြင့်သိပ်တတ်ကြ၏။ ပုခက်တွင်း၌ ရင်သွေး မြန်မာတို့၏ မင်္ဂလာတစ်ပါး အဖြစ်ခံယူ ကျင်းပသော ပုခက်တင်မင်္ဂလာသည် ရင်သွေးငယ်အတွက် အေးချမ်းလုံခြုံမှုသာမက၊ သူ၏ဇာတိသွေးဇာတိမာန်၊ အကျင့်စာရိတ္တ၊ ရဲစွမ်းသတ္တိနှင့် လူ့ဘဝစိတ်ပိုင်းဆိုင်ရာကိစ္စများကို စတင်ပြုစုပေးသောနေရာဖြစ်ပါသည်။ ပုခက်တင်မင်္ဂလာပြုပါက အခြားမင်္ဂလာများနည်းတူ ရင်သွေးငယ်အား ဝတ်ကောင်းစားလှဝတ်ဆင်ပေးခြင်း၊ ဘိသိက်အခမ်းအနား ပြုလုပ်ပေးခြင်း၊ ရတနာသုံးပါးနှင့်မိဘဘိုးဘွားတို့အား ကန်တော့စေခြင်း၊ ပုခက်ကို မိဘတို့စစ်ဆေးခြင်း၊ အလှူဒါနပြုခြင်းစသည့်သည်များကို ဖိတ်မန္တကပြု၍ ကျွေးမွေးခြင်းတို့မှာ ပြုလုပ်ရိုးပြုလုပ်စဉ်လာမမွှာတာ ဖြစ်ပါသည်။ ပုခက်တင်ခြင်းသည် ရင်သွေးငယ်အတွက် ယာဉ်မျိုးငါးပါးရရှိစေသော နိမိတ်ကောင်းသည်ဖြစ်၏။ ကလေးငယ်ကို ပုခက်တွင်တင်ကာလွှဲ၍ သိပ်ရင်း ရင်သွေးငယ်သည် မှက်ခြင်ယင်မသန်းဘဲ ပုခက်တွင်း၌ ချမ်းမြေ့စွာအိပ်ရသည်။ ပုခက်အတွင်းရင်သွေးငယ် လှဲလျောင်းနေစဉ် အမေမီဘာဘာသော်လည်းကောင်း၊ အစ်ကို အစ်မတို့သော်လည်းကောင်းအားဆို ချော့ကြသည်။ အချို့ပုံပြောကြသည်။ တေးဆိုကြရာတွင်

www.burmeseclassic.com

www.burmeseclassic.com



- ဝါဆိုဝါခေါင်ရေတွေကြီးလို့ — အစချီတေး
- ဆွမ်းအုပ်နီနီအမေရွက်လို့ — အစချီတေး
- ဆွမ်းချက်ထစို့လူလေးရယ် — အစချီတေး
- မိတ္ထီလာကန်တော်အောက်က — အစချီတေး
- ကမ္ဘာ့လိပ်မကြီးပုံပြင်
- ရွှေယုန်နှင့်ရွှေကျားသက်ကယ်ရိတ်သွားပုံပြင်

ဂန္ဓဝင်၊ ရာဇဝင်၊ မဟာဝင်၊ ဗုဒ္ဓဝင်လာပုံပြင်များကို ပြောဆိုပြီး သိပ်ရာပုခက်တွင်းဒွံ့ထား၍ လောက ဓမ္မတေးဂီတ စသည်တို့ဖြင့် သင်ကြားမှုမိတ်ဆက်မှုပေးခြင်း ဖြစ်ပါသည်။ ဦးနှောက်အသိဉာဏ်ဖွံ့ဖြိုးမှုကို ဆောင်ကြဉ်းမှုဖြစ်သည်။ မင်းဇကေရာဇ်တို့သည် ကား သီးခြား ဧချင်းများကို စပ်ဆို၍ ပုခက်တင်မင်္ဂလာပြုကြသည်။ ဧချင်းများကိုသီဆို၍ချော့သိပ်တတ်ကြ၏။အရပ်သုံးအရ ဧချင်းဆိုသည်မှာ ပုခက်လွဲသီချင်းပင်ဖြစ်သည်။ ဧ…ဧ…အိုဖြင့် အစချီကာ ကလေးကို ချော့သိပ်ခြင်းဖြစ်သည်။ မြန်မာ့သမိုင်းတွင် ထင်ရှားသော ဧချင်းပေါင်း ၁၂ ပုဒ်ရှိသည်။ ဧချင်းသစ်အပုဒ် ၄၀ ကျော် ၅၀ရှိသည်။ ဧချင်းများသည် အင်းဝခေတ်တွင် စတင်ခဲ့၍ ယင်းခေတ် မတိုင်ခင်ကပင် ဧချင်းအဖွဲ့အနွဲ့များရှိနေပြီး ဖြစ်ဟန်တူသည်။ ဧချင်းတွင် မဟာသမ္မတမင်းမှစ၍ ဘေးလောင်းတော် ဘိုးလောင်းတော်တို့၏ဘုန်းတန်ခိုးကြီးပုံ၊ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ကြပုံစသည်တို့ကို ဇာတိသွေး ဇာတိမာန် တက်အောင်ရေးဖွဲ့ပြီး မင်းသား မင်းသမီးတို့အား ပုခက်တွင်းဒွံ့ ချော့သိပ်တတ်ကြသည်။ ထင်ရှားသော ဧချင်းတို့မှာ –

က။ သခင်ထွေးဧချင်း — သက္ကရာဇ် ၈၃၈
ခ။ မင်းတရားရွှေထီးဧချင်း — သက္ကရာဇ် ၈၇၈၊
ဂ။ မင်းတရားရွှေထီးနားတော်သွင်းဧချင်း — သက္ကရာဇ် ၈၉၂၊



ဃ။ သခင်ကြီးဧချင်း — သက္ကရာဇ် ၉၃၆၊
င။ မင်းတရားမယ်တော်ဧချင်း — သက္ကရာဇ် ၉၁၅၊
စ။ ယိုးဒယားမိဖုရားဧချင်း — သက္ကရာဇ် ၉၄၀၊
ဆ။ နတ်သျှင်မယ်ဧချင်း — သက္ကရာဇ် ၉၁၈၊
ဇ။ ဥပရာဇာဧချင်း — သက္ကရာဇ် ၉၂၂၊
ဈ။ မင်းရဲကျော်စွာစုန်ဧချင်း — သက္ကရာဇ် ၉၃၁၊
ည။ မင်းရဲနရာသူဧချင်း — သက္ကရာဇ် ၉၆၇၊
ဋ။ မင်းရဲဒိဗ္ဗဧချင်း — သက္ကရာဇ် ၉၇၇၊
ဌ။ မင်းရဲသိခ်ဧချင်း — သက္ကရာဇ် ၁၀၁၈၊
ဍ။ ရခိုင်မင်းသမီးဧချင်း — သက္ကရာဇ် ၈၁၇၊

တို့ဖြစ်သည်။ ထို့ကြောင့် မင်္ဂလာ ၁၂ခန်းတွင်း ပုခက်တင်မင်္ဂလာသည် အရေးကြီးမင်္ဂလာတစ်ရပ်ဖြစ်ပါသည်။ နောက်ဆက်တွဲ (စ)၊ နောက်ဆက်တွဲ (ဆ)၊ နောက်ဆက်တွဲ (ဇ)

**အမည်ပေးမင်္ဂလာ**

၁၆။ အန္တတ္တသညာခေါ်စရာဖြင့် လျော်စွာအညီ အမည်မှည့်အပ်သောဟု ပြုလုပ်အပ်သော မင်္ဂလာသည် နာမကရဏမင်္ဂလာမည်သည်။ တစ်သက်လုံးခေါ်ဆိုမည်တွင်သော အမည်ရှိသလို ရှင်ပြုသောအခါကိုရင်ဝတ်သောအခါ ပေးသောဘွဲ့၊ အစိုးရမင်း၊ ဘုရင်မင်းမြတ်စသူတို့က ချီးမြှောက်သောဘွဲ့များလည်းရှိသည်။ အမည်မှည့်ရာတွင် အတိတ်နိမိတ်ကိုယူ၍ ထွန်းလင်းတောက်ပစေရန် ဟုဆိုကာ "မောင်ထွန်းဝင်း" ဟုအမည်ပေး ကြေညာတတ်သည်။ အမည်ပေးခံရမည့်ပုဂ္ဂိုလ်၏ခန္ဓာကိုယ်အနေအထားကို ကြည့်၍ နွဲ့နွဲ့နှောင်းနှောင်းရှိသောကြောင့် မောင်နွဲ့နှောင်း၊ အသားအရည်မှာ ရွှေရောင်ပေါက်အောင်ဝင်းလက်နေ၍ မောင်ရွှေဝင်း စသည်ဖြင့် မှည့်ခေါ်တာရှိလည်းရှိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အကြောင်းအထူးဂုဏ်ကျေးဇူးတို့ကိုစွဲ၍ နေ့သင့်နံသင့်မိတ်ဂြိုဟ် ရန်ဂြိုဟ် နံဂြိုဟ် ရွေး၍ ဘေးသွယ်သွယ်ရန်အသွယ်သွယ်တို့မှ မထိမကပ်ရလေအောင် ရန်ကြီးအောင်၊ ရန်မျိုးအောင် ဟူ၍မှည့်ခေါ် သည်လည်း ရှိသည်။ မွေးသောနေ့ကို အခြေခံ၍ မှည့်သည့်နာမည်သည် လည်းရှိသည်။ မြန်မာအက္ခရာ (၃၃)လုံးရှိရာ

| | | | | | | |
|---|---|---|---|---|---|---|
| က | ခ | ဂ | ဃ | င | = | တနင်္လာ၊ |
| စ | ဆ | ဇ | ဈ | ည | = | အင်္ဂါ၊ |
| ဋ | ဌ | ဍ | ဎ | ဏ | = | စနေ၊ |
| တ | ထ | ဒ | ဓ | န | = | စနေ၊ |
| ပ | ဖ | ဗ | ဘ | မ | = | ကြာသပတေး၊ |
| ယ | ရ | လ | ဝ | | = | ဗုဒ္ဓဟူး၊ |
| | | သ | ဟ | | = | သောကြာ၊ |
| | | အ | ဠ | | = | တနင်္ဂနွေ၊ |

ဖြစ်သည်။ တနင်္လာနေ့မွေးသူ၏နာမည်အစကို ကခဂဃငတို့ဖြင့်စခြင်း သည်နေ့သင့် နံသင့်နာမည်မှည့်ခေါ်ခြင်း ဖြစ်၏။ မြန်မာတို့နာမည် မှည့်ရာတွင် မျိုးရိုးအမည်၊ ဘိုးဘွားအမည်တို့ခံယူခြင်းမရှိ လူတိုင်းတွင် သီးခြား လွတ်လပ်သည့်အမည်များရှိကြသည်။ သို့သော်ရှေးပုဂံခေတ် အခါဘုရင်အမည်များကို မှည့်ခေါ်ရာတွင် အဖအမည်၏ အဆုံးစာလုံး ကို သားအမည်၏ အဦးအဖျားတွင်ထား၍ မှည့်ဖူး၏။

ပျူစောထီး၊ ထီးမင်းယဉ်
ယဉ်မင်းပိုက်၊ ပိုက်သေလည်
သေလည်ကြောင်၊ ကြောင်ဒူးရှစ်

စသည်ဖြင့်ဖြစ်သည်။ အမည်မှည့်ပြီးပါက ထိုအမည်က မပျက်အောင်၊ နာမည်မပျက်အောင် ကာယကံရှင်တို့က ထိန်းသိမ်းကြရသည်။ လူသေ



သည့်တိုင် နာမည်မသေအောင်ထိန်းကြရမည်။

လောကသံသရာ၊ နှစ်ဖြာအမည်တပ်ပြီး
ကမ္ဘာအကြိမ်တစ်ရာ၊ မတည်ပျက်သော်လည်း
အမည်မပျက်ဘဲ၊ သီလ၏တန်ခိုးနှင့်တည်ရသည်။
အကျိုးမဟာပွလကြောင့် ကိုးနဝရတ်မက
ဤကလေးကို အမည်ပေးရန် ၊ ပဏ္ဍာမတင် ဆင်ကာဖြင့်
နယမကရဏမင်္ဂလာကို ဆင်ယင်ကာနွှဲပါမည်
မည်တွင် သညာခေါ်စရာမှာ-
"မောင်ကျော်စွာ"

ဟုကမ္ဘာတွင်စေဗျား ... အမည်ပေးနာမကရဏမင်္ဂလာသည် မြန်မာ့မင်္ဂလာ ၁၂ ခန်းတွင် အရေးကြီးသော မင်္ဂလာအခမ်းအနား တစ်ရပ်ဖြစ်ပါသည်။ နောက်ဆက်တွဲ (ဈ)

**ပုဆိုးအင်္ကျီ ဝတ်ဆင်ခြင်း**
**ထမင်းဦးခွံ့ခြင်း၊ ဆံပင်ထုံးဖွဲ့ခြင်းမင်္ဂလာ**
**ရတနာခြယ်သဝတ်ဆင်သောမင်္ဂလာ**

၁၈။ အဝတ်အစားအထည်ဝတ်ဆင်မှုသည် ယဉ်ကျေးမှု ဓလေ့ စရိုက်ဖြစ်သလို အဝတ်အစားကိုကြည့်၍ အဆင့်အတန်းခွဲခြားမှုလည်း ရှိသည်။ မိဘတို့သည် သင့်တော်သောနေ့ရက်တွင် ပုဆိုး၊ အင်္ကျီ တဘက်၊ ဘယက်ဒွါဒရာတို့ဆင်မြန်း၍ မင်္ဂလာပြုသည်။ နောက် ဆက်တွဲ(ည) တ ဖန်သားသမီးတို့အား ထမင်းဦးခွံ့ရာတွင်လည်း မင်္ဂလာအခမ်းအနားပြုလုပ်၍ ထမင်းခွံ့သည်။ လူ့ဘဝတွင် သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာဟုဆိုသည့် အတိုင်း ဘဝရှင်သန်ဖို့အတွက် အာဟာရ သည် အရေးကြီးရကား အာဟာရသုံးဆောင်ခြင်းကို မင်္ဂလာတစ်ရပ် ပြုလုပ်ကျင်းပ၍ မင်္ဂလာခံယူသည်။ နောက်ဆက်တွဲ(ဋ) လူ့ဘဝတွင် မြန်မာတို့က ဝတ်တတ်၊ စားတတ်ရမည်။ နေတတ်ထိုင်တတ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စားဆင်ယင်တတ်ရမည်ဖြစ်ရာ အစားစားခြင်း၊ အဝတ်ဝတ်ခြင်း၊ ယောင်ထုံးခြင်းတို့ကို လောကီမင်္ဂလာတစ်ရပ် ပြုလုပ်၍ ချီးမြှောက်ကြသည်။ မြန်မာတို့သည် သျှောင်ကိုတန်ဖိုးထားကြသည်။ မိန်းမသားတို့၏ ဘဝတွင်လည်း ဆံပင်၏ကောင်းခြင်း ကို မိန်းမတို့၏အလှအပအနေဖြင့် အလေးအမြတ်ထားသည်။ ရတနာကိုးပါးကို မြန်မာတို့တန်ဖိုးထားကြသည်။ ရတနာကိုးပါးက လှပစွာဆင်မြန်းထားပါက ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည်ဟုမှတ်ယူကြသည်။ ရတနာဆိုသည်မှာ လူတို့နှစ်သက်မြတ်နိုးသော အရာဖြစ်သည်။ ရတနာကိုးသွယ်၊ နဝရတ်ကိုးပါးဟူ၍ သတ်မှတ်ထားရာ ယင်းတို့မှာ နီလာ၊ စိန်၊ ကျောက်၊ ပတ္တမြား၊ မြ၊ ဂေါမုတ်၊ ဥဿဖယား၊ သန္တာနှင့် ပုလဲတို့ဖြစ်သည်။ ထိုရတနာအားလုံးကို ဖြစ်စေ၊ နှစ်သက်ရာရတနာ တစ်မျိုးမျိုးကိုဖြစ်စေ ဝတ်ဆင်၍ ရတနာဝတ်ဆင်ခြယ်သသောမင်္ဂလာကို ဆင်မြန်းနိုင်ကြသည်။ အခမ်းအနားများကို မိမိပြုနိုင်သလောက် ခမ်းနားစွာပြုလုပ်နိုင်ကြသည်။ လောကီမင်္ဂလာအခမ်းအနားများကို ပြုလုပ်ကျင်းပကြရာတွင် မင်္ဂလာပြုလုပ်မည့် အကြောင်းကြေညာသည့်အစီအစဉ် ဘုရားပင့်၊ အနန္တော အနန္တငါးပါး ကန်တော့ခြင်း၊ မင်္ဂလာသြဘာ ဘိသိက်ပြုခြင်း၊ ဒေဝတာတို့အားပူဇော်ခြင်း၊ ဆုံးမစာသြဘာစာဖတ်ကြားခြင်း မင်္ဂလာအခမ်းအနား အောင်မြင်စွာပြီးစီးခြင်း စသည်တို့ကို ဘိသိက်ဆရာကျွမ်းကျင်သူပညာရှိတို့နှင့်အတူ ဂီတတူရိယာများနှင့် တွဲဖက်၍ ပျော်ရွှင်ဖွယ်ရာ ကျင်းပလေ့ရှိတတ်ကြသည်။

**ပဗ္ဗဇ္ဇရှင်ပြုမင်္ဂလာအခမ်းအနား**

၁၉။ မြန်မာတို့အတွက် လောကီမင်္ဂလာ ၁၂ ခန်းတွင် သာသနာရေးဆိုင်ရာကိစ္စတစ်ရပ်ဖြစ်သော သားယောကျ်ားလေးဖြစ်ပါက ရှင်ပြုသောမင်္ဂလာကို ဆောင်ကြဉ်းပေးကြသည်။ ဤကိစ္စသည် မိမိတို့သားငယ်



လူလားမြောက်ပြီဆိုသည့်အကြောင်းကို ဖွင့်ဟကြေညာသော မင်္ဂလာအခမ်းအနားလည်းဖြစ်သည်။ မြန်မာတို့သည် သားယောကျ်ားဖွားမြင်ပြီးပါက သားမောင်တရွေ့ရွေ့ကြီးပြင်းလာသည်နှင့်အမျှ ပဗ္ဗဇ္ဇမင်္ဂလာအခမ်းအနားကို ကျင်းပရန်အတွက်လည်း စိတ်ထက်သန်တိုးတက်လာသည်။ ရှင်ပြုအခမ်းအနားကို မိမိရင်မှ ဖြစ်သော သားကိုသာမက သူတစ်ပါး၏သား မိဘမဲ့ယောကျ်ားလေးများကိုလည်းကောင်း မောင်နှမဆွေမျိုးများ၏ သားယောကျ်ားလေးများကိုလည်းကောင်း ဝိုင်းဝန်း၍ရှင်ပြုမင်္ဂလာပြုလုပ်နိုင်သည်။ ဗုဒ္ဓဘာသာမိဘများအနေနှင့် သားဖြစ်သူအား သာသနာတော်အတွင်း သွတ်သွင်းချီးမြှောက်ခြင်းသည် သာသနာတော်အား ချီးမြှောက်ရာရောက်သည်ဟု လုံးဝဥဿုံယုံကြည်ကြသည်။ ဤကိစ္စသည် သာသနာ့ အမွေခံယူသောကိစ္စ လည်းဖြစ်သည်။ တတိယသင်္ဂါယနာတင်၊ သီရိဓမ္မာသောကမင်းကြီးလက်ထက်မှစ၍ ဆင်းသက်လာသော အကျင့်ဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီးသည် သာသနာတော်အား ဆွမ်း၊ သင်္ကန်း၊ ဆေးဝါးပစ္စည်း၊ ကျောင်းကန်၊ ဇရပ်များကို အလှူဝတ္တာပေးလှူခဲ့ပြီးနောက် သာသနာ့ဒါယကာ ဖြစ်ပါပြီလားဟု လျှောက်ထားသော် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်က ပစ္စည်းလှူ၍ ဖြင့် သာသနာ့ဒါယကာမဖြစ် ပစ္စယဒါယကာသာဖြစ်၍ မိမိရင်မှ ဖြစ်သော သားကို ရှင် ရဟန်းပြုပေးမှသာလျှင် သာသနာ့ ဒါယကာ ဖြစ်မည် ဟုဆိုလျှင် မင်းကြီးသည် သားတော် မဟိန္ဒမင်းသားနှင့် သမီးတော်သင်္ဃမိတ္တာတို့အား ဗုဒ္ဓဘာသနာတော်သို့ သွတ်သွင်းကာ ရဟန်းဘိက္ခု၊ ရဟန်းမ ဘိက္ခုနီအဖြစ်ချီးမြှောက်သည်မှစ၍ သာသနာ့အမွေခံရန် ဗုဒ္ဓဘာသာဝင်တို့သည် သားယောကျ်ားလေးအား ပဗ္ဗဇ္ဇရှင်သာမဏေအဖြစ်သို့ သွတ်သွင်းသောအခမ်းအနားကို မပျက်မကွက် ပြုလုပ်ကြသည်။ ရှင်ပြု မင်္ဂလာသည် ဗုဒ္ဓဘာသာဝင်တို့၏

www.burmeseclassic.com

www.burmeseclassic.com



အစဉ်အလာလုပ်ဆောင်သော ယဉ်ကျေးမှုကိစ္စတစ်ရပ်လည်းဖြစ်သည်။ ရှင်ပြုမင်္ဂလာပြုလုပ်ကျင်းပသောအချိန်သည် တပေါင်းလမှ ဝါဆိုလပြည့်အတွင်းဖြစ်တတ်သည်။ ရှေးမြန်မာ မင်းများ လက်ထက်ကမူ ဝါဆိုလကို ရှင်ပြုရဟန်းခံပြုသော ရှင်ပြုပွဲတော်ပဉ္စင်းပွဲတော်လဟုခေါ်ကြသည်။ အမှန်စင်စစ်ရှင်ပြုပွဲတော်၏အစသည် မြတ်စွာဘုရားထံမှ သားတော်ရာဟုလာအမွေတောင်းရာမှ စခဲ့ခြင်းဖြစ်၏။ သားတော်ရာဟုလာက အမွေတောင်းလေလျှင် မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား ရာဟုလာကို ရှင်ပြုပေးလိုက်ပါဟုဆိုသည်။ အရှင်သာရိပုတ္တရာကမည်သို့ ရှင်ပြုရပါမလဲဟု မြတ်စွာဘုရားထံ လျှောက်ထားသောအခါ ရဟန်းတို့အား စုဝေးစေ၍ "ရဟန်းတို့ သရဏဂုံသုံးပါးနှင့် ရှင်သာမဏေပြုပေးဖို့ ငါဘုရားခွင့်ပြုတော် မူတယ်" ဟု မွက်ကြားသည်။ ရှင်ပြုလိုပါက

(က) ရှင်လောင်းသည် ဆံပင်မုတ်ဆိတ်တို့ကို ပယ်ရသည်။

(ခ) ဖန်ရည်ဆိုးသော သင်္ကန်းကိုဝတ်ရသည်။

(ဂ) အပေါ်ရုံသင်္ကန်း (ဧကသီ) ကိုလက်ဝဲ ပခုံးတွင် ဘင်၍ ရဟန်းတို့၏ခြေကို ရှိခိုးဦးခိုက်စေ၍ ဆောင့်ကြောင့်ထိုင်ရသည်။

ထို့နောက် လက်အုပ်ချီကာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ အစရှိသော သရဏဂုံသုံးပါးကို သုံးကြိမ်စီ ရွတ်ဆိုရသည်။ ထိုသို့ ပြုလုပ်ပါက သာမဏေအရာမြောက်သည်။

သို့သော် ရာဟုလာကို ဘုရား၏ခွင့်ပြုချက်နှင့် ရှင်ပြုပေးသောအခါ မိဘဘိုးဘွားတို့၏ ချစ်ခြင်းကြီးမား သောကြောင့် အဘိုးဖြစ်သူ သုဒ္ဓေါဒနမင်းကြီးက ဗုဒ္ဓဘုရားရှင်ကို လျှောက်ထားသဖြင့် ရှင်ပြုလိုလျှင် မိဘတို့က ခွင့်ပြုချက်ကို ရယူရမည်ဟု ပြဋ္ဌာန်း



ထားရှိသည်။ ရှေးအခါက အသက် (၁၅)နှစ်ပြည့်မှ ရှင်ပြုရန် သတ်မှတ် သော်လည်း မိဘသေဆုံးသော ခိုကိုးရာမဲ့ကလေးနှစ်ဦးနှင့်ပတ်သက်၍ ရှင်အာနန္ဒာက လျှောက်ထားသဖြင့် မိမိရှေ့တွင်ချထားသော ဆွမ်းကိုကျီးလာ၍မချီအောင် ခြောက်လှန့်နိုင်ပါက ရှင်ပြုပေးနိုင်သည်ဟု ပြင်ဆင် သတ်မှတ်သည်။ ပြီးပါက စောင့်ရှောက်ထိန်းသိမ်းမည့် ရဟန်းအား "တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ အဖြစ်လက်ခံပါရန် သာမဏေက လျှောက်ထားဆရာတင်လျှင် ဆရာရဟန်းကအတူနေတပည့်အဖြစ် လက်ခံကာ ဆုံးမသွန်သင်ရသည်။ သာမဏေတို့လိုက်နာစောင့်စည်းရသော သိက္ခာပုဒ်မှာ (၁၀) ပါးရှိသည်။

## မြန်မာတို့ရှင်ပြုပုံ

၂၀။ မြန်မာများသည် ရှင်ပြုမင်္ဂလာကို မဖြစ်မနေပြုလုပ်ကြသည်။ မိမိတွင် သားမရှိပါက တစ်ပါးသော သားကို ရှင်ပြုပေးကြသည်။ မြန်မာအမျိုးသားတိုင်းရင်းသားတို့ ရှင်ပြုပုံမှာ မိဘကရှင်ပြုပေးမည်ဆိုပါက သားငယ်ကို မိမိတို့ကိုးကွယ်သော ဘုန်းတော်ကြီးထံ ရှင်လောင်းအဖြစ် သွားရောက်အပ်နှံသည်။ ဆရာတော် ဘုန်းကြီးက ရှင်ပြု မင်္ဂလာပွဲကျင်းပမည့် နေ့ရက်ကိုသတ်မှတ်ပေး၍ မောင်ရှင်လောင်းအား သင်္ကန်းကပ်၊ သင်္ကန်းတောင်း၊ ဆယ်ပါးသီလ၊ ပစ္စဝေက္ခဏာလေးပါးကို ကျက်မှတ်ခိုင်းသည်။ အထူးသဖြင့် သရဏဂုံသုံးပါးကို ဌာန်ကရိုဏ်း ကျကျရွတ်ဆိုနိုင်ရေးကို အလေးပေးသင်ကြားသည်။ ရှင်ပြုမည့် အကြိုနေ့တွင်ရှင်လောင်းအားသပ်ရပ်စွာ ဝတ်ဆင်၍ ဖခင်က သပိတ်ကိုလွယ် မိခင်က သင်္ကန်းကိုပိုက်ပြီး ဆွေမျိုးမိတ်ဆွေ အသိုင်းအဝန်းနှင့် ရှင်လောင်းကို ကျောင်းသို့ပို့ဆောင်၍ ဘုန်းကြီးကန်တော့သည်။ ကျောင်းသို့ပို့ဆောင်သည့်အခါ ရှင်လောင်း

www.burmeseclassic.com

www.burmeseclassic.com



လှည့်ပွဲပြုလုပ် ကျင်းပတတ်ကြသည်။ ဒေသအလိုက်မော်တော်ကား၊ ဆင်၊ မြင်း၊ ယာဉ်ရထားတို့ဖြင့် မောင်ရှင်လောင်းအား ရွှေထီးမိုးပြီး အတီးအကများဖြင့် စည် ကားသိုက်မြိုက်စွာ ခင်းကျင်းလှည့် လည်ကြသည်။ ဆရာတော်ဘုန်းကြီး အပါအဝင်ပင့်သံဃာတို့က ကန်တော့ခံပြီး အန္တရာယ်ကင်းပရိတ်များရွတ်ဆိုချီးမြှောက်သည်။ ထို့နောက် ရှင်လောင်းကို ဆံပင်ပယ်ကာ တရော်ကင်ပွန်းတို့ဖြင့် ခေါင်းဆေးမင်္ဂလာပြု၍ ရေမိုးချိုးပေးသည်။ ရေချိုးပြီး၍ အဝတ် အစားသစ်များလဲပြီး ဘုန်းတော်ကြီးရှေ့၌သင်္ကန်းကို လက်မှာပိုက်၍ သကလဝဋ္ဋအစချီ သင်္ကန်းကပ်စာကို ရွတ်သည်။ ထိုနောက် ယင်းသင်္ကန်းကို ဘုန်းတော်ကြီး ရှေ့၌ပြန်ထိုင်ကာ လက်အုပ်ချီ၍ သကလဝဋ္ဋအစချီသော သင်္ကန်းတောင်းစာကို ရွတ်ဆိုရသည်။ ထို့နောက်ဘုန်းတော်ကြီးက ရှင်လောင်းအား သင်္ကန်းကိုပေးပြီး လူ့ဝတ်ကိုစွန့်၍ သင်္ကန်းကိုဝတ်ရုံ၏။ ပြီးမှ ဆယ်ပါးသီလခံယူသည် သင်္ကန်းဝတ်ပြီး ရှင်လောင်းက ဆရာတော်အား ဥပဇ္ဈာယ်ဆရာအဖြစ် ခံယူပါရန် လျှောက်ထားသည်။ ဆရာတော်က တပည့်အဖြစ်လက်ခံပြီး မွေးနံ့အလိုက် ရှင်ကုမာရ၊ ရှင်ပညာသာမိ စသည်ဖြင့် သာမဏေဘွဲ့ ကိုပေးသည်။ အလှူနေ့တွင် ဆရာဘုန်းတော်ကြီး၊ ပင့်သံဃာတို့နှင့် ရှင်သာမဏေအသစ်သည် အလှူအိမ်သို့သွားကြသည်။ အလှူ မဏ္ဍပ်တွင် ရှင်ပြုမင်္ဂလာ အနုမောဒနာတရားကို ချီးမြှင့်သည်။ တရားနာပြီး မိဘတို့က လှူဖွယ်တို့ကိုကပ်၍ ရေစက်ချသည်။ မဏ္ဍပ် အတွင်း သင်္ကန်းကိုရုံ၍ တည်ငြိမ်စွာထိုင်နေသော သားကိုရှင်ကို ကြည့်၍မိဘများ ကြည်နူးဝမ်းသာကြသည်။ သံဃာတော်များရော တရားနာပရိသတ်ကိုပါ ဆက်ကပ်ကျွေးမွေးကြသည်။ ဤကဲ့သို့ ကျွေးမွေးပြီး ညနေပိုင်းတွင် သားရဟန်းအတွက် ကျိန်းစက်ရန် ခေါင်းအုံး၊ ဖျာစသည်တို့နှင့်အတူ ကျောင်းသို့ပြန်ပို့သည်။ မောင်ရှင်



လောင်းသည် မျက်လွှာကိုချကာ မဏ္ဍာပ်အတွင်း၌ မိမိရည်မှန်းသူရှိ မရှိ ဣန္ဒြေစက္ခုချ၍ တိတ်တခိုးကြည့်တတ်ကြသည်လည်း ရှိတတ်ကြပါသည်။ နောက်ဆက်တွဲ (၃)

## လက်ထပ်ထိမ်းမြားမင်္ဂလာ

၂၁။ လက်ထပ်မင်္ဂလာသည် မြန်မာ့လူမှုရေးဘဝတွင် အရေးကြီး သောမင်္ဂလာဖြစ်သည်။ လက်ထပ်ထိမ်းမြား သောမင်္ဂလာကို အာဝါဟ၊ ဝိဝါဟ၊ စရမင်္ဂလာဟုခေါ်သည်။ အာဝါဟသည် ယောက်ျားအိမ်ရာသို့ မိန်းမကို ခေါ်ဆောင်လာပြီးပြုသောမင်္ဂလာဖြစ်သည်။ ဝိဝါဟမင်္ဂလာမှာ မိန်းကလေးနေရာအိမ်ဂေဟာသို့ သတို့သားကို ခေါ်ဆောင်ကာပြု ပေးသော မင်္ဂလာဖြစ်ပြီး စရမင်္ဂလာသည် သတို့သားသတို့သမီး တို့သည် မိမိတို့နေရာအိမ်မှ ခမ်းနားသောအခြားနေရာအဆောက်အအုံသို့ ပြောင်းရွှေ့ဆင်နွှဲသောမင်္ဂလာဖြစ်သည်။ လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာသည် သားသမီးများထွန်းကား၍ သာသနာပြုအိမ်ထောင်တစ်ခု၊ လောကီရပ်ရွာ အကျိုးပြုမည့် အိမ်ထောင်တစ်ခု သားယောက်ျား၊ သမီးမိန်းကလေးတို့ထွန်းကား၍ ဘုရားသာသနာကို အမွေခံမည့် အိမ်ထောင်တစ်ခု ဖြစ်ပေါ်လာမည့် အရေးကိုရည်မှန်း၍ လောကီ အကျိုးစီးပွားအမျိုးဘာသာသာသနာ အကျိုးစီးပွားကို ဆောင်ကြဉ်းနိုင် မည်ဟု ရည်သန်ပြုလုပ်ခြင်းဖြစ်၍ မင်္ဂလာလက်ထပ်မှုသည် လောကီ လူ့ဘောင်၏ လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ စိတ်တူကိုယ်တူလုံ့လ ဥဿာဟတူရှိသော ဇနီးမောင်နှံတို့၏ ထိမ်းမြားခြင်းမှ သာသနာပြု ယောက်ျားကောင်း ယောက်ျားမြတ်တို့ထွန်းကားသည်။ ကုသိုလ် ကောင်းမှုတို့ပြုလုပ်နိုင်သည်။ လူ့ပြည်လူ့ရွာမှ နတ်ပြည်နိဗ္ဗာန်သို့ ရည်သန်ကာ ကောင်းကျိုးတရားများပွားများနိုင်သည် လောကရပ်ရွာ ကြီးပွားအောင်၊ ဆန်ရေစပါးပေါများအောင်၊ အသိပညာထွန်းကား

www.burmeseclassic.com



အောင်၊ အဝတ်တန်ဆာဆင်ယင် စရာတို့ပေါများအောင်၊ အကြင်စုံမောင်နှံက ပြုလုပ်ဆောင်ကြဉ်းနိုင်၍ အာဝါဟ၊ ဝိဝါဟ စရမင်္ဂလာတို့သည် ဤလူ့ဘောင်လောက တည်တံ့၍ လူသားမျိုးဆက်တို့ စဉ်ဆက်မပြတ်ပွားများကား လူညွန့်မတုံးစေခြင်းငှာဆောင်ကြဉ်းသည့်မင်္ဂလာ အခမ်းအနားဖြစ်သည်။ မြန်မာ့လေ့ထုံးတမ်းဥပဒေအရ အကြင်လင်မယားနှစ်ဦးပေါင်းသင်းနေထိုင်ရန် မည်သည့်အခမ်းအနားမှ မလိုပေ။ နှစ်ဘက်သောမိဘများက သဘောတူမည်၊ နှစ်ဦးနှစ်ဖက် ကြည်ဖြူမည် ပတ်ဝန်းကျင်မှ အကြင်လင်မယားအဖြစ် အသိအမှတ်ပြုပေးလျှင် လင်ခန်းမယားခန်းမြောက်သော်လည်း လောကီကိစ္စရပ်အနေနှင့် ထိမ်းမြားမင်္ဂလာအပြား (၁၀)ပါးကို သတ်မှတ်ထားကြသည်။ မြန်မာ့ထုံးတမ်းစဉ်လာထိမ်းမြား မင်္ဂလာများကို လေ့လာပါက ငွေကြေးကုန်ကျမည်မဟုတ်။ အကြင်လင်မယားအဖြစ်နှင့် နှစ်ဦးသဘောတူသည့် လက္ခဏာကို ပြသသော၊ တစ်ဦးကိုတစ်ဦးချစ်ခင်ကြင်နာမှုကိုပြသော လူကြီးမိဘဆွေမျိုးမိတ်သင်္ဂဟတို့က အသိအမှတ်ပြုသော သဘောပါသည့် အခင်းအကျင်းများဖြစ်သည်။ သို့သော်လည်း တစ်ဖက်နှင့် တစ်ဖက်လူကြီးတို့က သဘောတူခြင်း၊ နှစ်ဦးနှစ်ဝချစ်ခင်ကြောင်းပြသခြင်း၊ ဆွေမျိုးမိတ်သင်္ဂဟတို့က အသိအမှတ်ပြုခြင်းတို့ကို ပြသရာတွင် တတ်နိုင်လျှင် တတ်နိုင်သလို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ပြုလုပ်ကြသည်။ မြန်မာတို့က အိမ်ထောင်ပြုခြင်းကို ဘုရားတည်ခြင်း၊ ဆေးမင်ကြောင် ထိုးခြင်းတို့ကဲ့သို့ ပြင်ရန်ခက်ခဲသောကိစ္စအဖြစ် သတ်မှတ်သည်။ မြန်မာလူမှုအဖွဲ့အစည်းသည် မိသားစုကိုအခြေခံသောအဖွဲ့အစည်း ဖြစ်သောကြောင့် မိသားစုဖြစ်ပေါ်လာရေးအတွက် အစကနဦးဖြစ်သော လက်ထပ်ထိမ်းမြားခြင်းကို မမှားမယွင်းအောင် ဆောင်ရွက်ကြသည်။ အိမ်ထောင်ပြုမှုမခိုင်မာပါကယခုဘဝတွင်လည်းကောင်း၊နောင်တမလွန်



တွင်လည်းကောင်း အပယ်တံခါးပင်ပွင့်နိုင်သည်။ မိမိတို့မိသားစုမှ သားသမီးများသည်လည်း လူဆိုးလူမိုက်များဖြစ်လာနိုင်သည်။ သာယာသောမိသားစု အိမ်ထောင်တို့မှ ပညာတတ်များ၊ ခေါင်းဆောင်များ၊ သူတော်ကောင်းများ ပေါ်ထွန်းလာနိုင်၍ လက်ထင်ထိမ်းမြားမှုကို အလေးဂရုပြုကြသည်။ နောက်ဆက်တွဲ (ပ)

**အယူအဆများ**

၂၂။ လက်ထပ်ထိမ်းမြားမှုပြုရာတွင် (က) လူကြီးမိဘများသဘောတူ၍ အိမ်ထောင်ပြုပေးခြင်း (ခ) အောင်သွယ်ထား၍ အိမ်ထောင်ပြုပေးခြင်း (ဂ) လူငယ်အချင်းချင်းသဘောတူ၍ အိမ်ထောင်ပြုခြင်း ဟူ၍ရှိသည်။ လူငယ်ချင်းမေတ္တာမျှ၍ဖြစ်စေ၊ လူကြီးများသဘောတူ၍ဖြစ်စေ၊ အောင်သွယ်ဆောင်ကြဉ်းသည်ကို လက်ခံ သဘောကျ၍ဖြစ်စေ၊ လူငယ်ချင်းရော လူကြီးတို့ကပါ သဘောတူပါက စေ့စပ်ကြောင်းလမ်းမှုပြုကြသည်။ စေ့စပ်ကြောင်းလမ်းမှုတွင် ယောကျ်ားလေးဘက်မှ မိန်းကလေးမိဘများထံ ဂုဏ်သရေရှိ မိတ်ဆွေများနှင့်အတူ သွားရောက် စေ့စပ်ကြောင်းလမ်းကြသည်။ စေ့စပ်ကြောင်းလမ်းမှု အောင်မြင်ပါက လက်ထပ်ထိမ်းမြားမှုပြုရန် နေ့ကောင်းရက်သာ ရွေးကြရသည်။ တန်ခူး၊ ကဆုန်၊ နယုန်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ တပို့တွဲလများတွင် ထိမ်းမြားခြင်းပြုရာ (၆)လဖြစ်၍ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ နတ်တော်၊ ပြာသိုး တပေါင်း မထိမ်းမြားရာ (၆)လအဖြစ် ရှေးက လူကြီးများသတ်မှတ်ထားကြသည်။ မင်္ဂလာလက်ထပ်ပွဲပြုရာတွင် တနင်္ဂနွေနေ့၌ ကုက္ကိုပန်း၊ တနင်္လာနေ့၊ နေဇာပန်း၊ အင်္ဂါနေ့ မယားကြီးပန်း၊ ဗုဒ္ဓဟူးနေ့ သဇင်ပန်း၊ ကြာသပတေးနေ့ သီးပန်း၊ သောကြာနေ့ ဒန်းပန်း၊ စနေနေ့ အုန်းပန်းတို့ကိုယတြာပြု၍ဆောင်ရသည်ဟုဆိုသည်။ တနင်္ဂနွေနေ့နှင့်

www.burmeseclassic.com

www.burmeseclassic.com



သောကြာ၊ အင်္ဂါနှင့် ကြာသပတေး၊ စနေနှင့်ဗုဒ္ဓဟူး၊ တနင်္လာနှင့်ဗုဒ္ဓဟူး (ညနေပိုင်းမွေးသူ)တို့ အိမ်ထောင်ပြုရန် မိတ်ဖက်ဖြစ်၍ စနေနှင့် ကြာသပတေး၊ သောကြာနှင့်တနင်္လာ၊ တနင်္ဂနွေနှင့်ဗုဒ္ဓဟူး၊ အင်္ဂါနှင့် ဗုဒ္ဓဟူး(ညနေပိုင်းမွေးသူ)တို့သည် မိတ်ဖက်မဟုတ် သို့သော် ယတြာပြု၍ လက်ထပ်နိုင်သည်။

**လက်ထပ်ထိမ်းမြားခြင်း (၁၀) မျိုး**

၂၃။ မြန်မာတို့သည် လောကီဆိုင်ရာ ပညာရှင်တို့သတ်မှတ် အပ်သော မင်္ဂလာ(၁၀)မျိုးရှိသည်။ ယင်းတို့မှာ

က။ ပုဆိုးတန်းတင်ထိမ်းမြားမင်္ဂလာ၊
ခ။ လက်ဆုံစားထိမ်းမြားမင်္ဂလာ၊
ဂ။ လက်စွပ်လဲ ထိမ်းမြားမင်္ဂလာ၊
ဃ။ အဝတ်လဲ ထိမ်းမြားမင်္ဂလာ၊
င။ လက်ထပ်ထိမ်းမြားမင်္ဂလာ၊
စ။ ဒါလီဖွဲ့၍ ထိမ်းမြားမင်္ဂလာ၊
ဆ။ စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ၊
ဇ။ ပန်းကုံးစွပ်ထိမ်းမြားမင်္ဂလာ၊
ဈ။ ရေခွက်၌လက်ဆုံချထိမ်းမြားမင်္ဂလာ၊
ည။ ဦးထိပ်၌ရေသွင်းချထိမ်းမြားမင်္ဂလာတို့ဖြစ်သည်။

ပုဆိုးတန်းတင်မင်္ဂလာမှာ စေ့စပ်ကြောင်းလမ်းပြီးပါက ရက်ကောင်းရက်မြတ်တစ်ခုခုတွင် ယောကျ်ားလေးဘက်မှ မိဘ ဆွေမျိုးတို့က ရပ်ရွာမှလူငယ်များပါ ပါဝင်လျက်လက်ဖွဲ့ပစ္စည်းများ နှင့်အတူ မိန်းကလေးအိမ်သို့ သွားကြသည်။ လက်ဖွဲ့ပစ္စည်းများ ဖြစ်သော အိပ်ရာ၊ ခေါင်းအုံး၊ ထမင်းဟင်းအိုး၊ ကျွဲနွား စသည်တို့ လည်းပါကြသည်။ လယ်ယာမြေအိမ်ယာ မြေစာရင်းများလည်း ပါဝင်



ကာသတို့သမီးမိဘများထံ အပ်နှံသည်။ သတို့သမီးဘက်ကလည်း လက်ခံသည်။ ယောကျ်ားလေးဘက်မှ ပါလာသော ပုဆိုးအသစ် တစ်ထည်ကို အတူနေထိုင်ကြမည့်အခန်းရှိ ကြိုးတန်းပေါ်တွင် တင်ပေးခြင်းဖြင့် အကြင်လင်မယားအရာ မြောက်သည်။ မိန်းကလေး ဘက်မှ ဖွယ်ဖွယ်ရာရာ ကျွေးမွေးဧည့်ခံသည်။ နှစ်ဖက်ဆွေမျိုး မိဘတို့က ရပ်ကွက်အတွင်းမှ မိတ်သင်္ဂဟများကို ဖိတ်၍ ဧည့်ခံပွဲ ပြုလုပ်ပြီး သတို့သမီးနှင့်သတို့သားတို့သည် ထမင်းတစ်ပန်းကန်ထဲ တွင် ကောက်ညှင်း၊ လက်ဖက်၊ မုန့်တို့ကို လက်ဆုံစားခြင်းဖြင့်လည်း ထိမ်းမြားမင်္ဂလာထမြောက်သည်။ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ ရှေ့တွင် လက်ဝတ်ရတနာတို့ကို ဖလှယ်၍ဝတ်ခြင်း မိန်းကလေးမိဖတို့ သတို့သား မိမိတို့အိမ်သို့ ရောက်လာစဉ် အဝတ်ဟောင်းကိုချွတ်၍ အဝတ်အစားအသစ်လဲဝတ်ခြင်းဖြင့်လည်း ထိမ်းမြား မင်္ဂလာထမြောက် သည်။ မိန်းကလေး၏ ညာလက်နှင့်ယောကျ်ားလေး၏ညာလက်တို့ကို လက်ထပ်ခြင်း ဖြင့်လည်းကောင်း၊ ရွှေကြိုး ငွေကြိုးစသည်တို့ကို သတို့သမီးနှင့် သတို့သားတို့လည်တွင် ရစ်ပတ်ပေးခြင်းဖြင့် လည်းကောင်း၊ မိန်းကလေးနှင့် ယောကျ်ားလေးတို့အား ပုဝါရှည်စုံခြုံ ထည်အဝတ်တို့ဖြင့် ရစ်ပတ်ရုံဖွဲ့ပေးခြင်း ဖြင့်လည်းကောင်း၊ သတို့သား သတို့သမီးတို့လည်တွင် ဆွဲထားသော ပန်းကုံးကိုဖလှယ်၍ စွပ်ပေး ခြင်းဖြင့် လည်းကောင်း၊ ရေခွက်တွင် သတို့သမီး၏ညာလက်နှင့် သတို့သား၏ညာလက်ကို ရေနှစ်၍လည်းကောင်း၊ မိန်းကလေး နှင့်ယောကျ်ားလေးတို့၏ ဦးထိပ်တွင် ရေစက်သွန်းချပေးခြင်း ဖြင့်လည်းကောင်း ထိမ်းမြားပေးခြင်း မင်္ဂလာထမြောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## လောကီမင်္ဂလာ(၁၂)ခန်းရည်ရွယ်ချက်

၂၄။ ပဋိသန္ဓေတည်နေကိန်းအောင်းသည်ကိုသိရှိ၍ ယင်းကိစ္စကို မင်္ဂလာအဖြစ် သတ်မှတ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပဋိသန္ဓေကို စောင့်ရှောက်ကာကွယ်ရန်ဖြစ်သည်။ တည်လာသော ကိုယ်ဝန်ဆောင် မိခင်နှင့်တကွ သား သို့မဟုတ် သမီး ပဋိသန္ဓေ ကျန်းမာအောင်၊ ပျက်စီးမသွားအောင်၊ နေ့စေ့လစေ့ အချိန်ကျပါက ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် မွေးမြူနိုင်ရန် ရည်ရွယ်ချက်ဖြင့် စောင့်ရှောက်ခြင်း ဖြစ်သည်။ မီးရှူးသန့်စင်ဖွားမြင်သော မင်္ဂလာ၏ ရည်ရွယ်ချက်မှာ သား သို့မဟုတ် သမီး အန္တရာယ်ကင်းစွာဖြင့် ဖွားမြင်ရန်မိခင်အန္တရာယ် ကင်းရှင်းစွာဖြင့် မွေးဖွားရေးကို ရှေ့ရှုဆောင်ရွက်သောမင်္ဂလာဖြစ်သည်။ ဝမ်းတွင်းပါဆံပင်ကို ဆေးလျှော်ခြင်း၊ ဝမ်းတွင်းပါဆံပင် ကိုပယ်ခြင်း သည် ကျန်းမာရေးကို ရှေ့ရှုဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာတို့သည် ဆံကိုအထွတ် အမြတ်ထားကြရာ ဆံပင်သန့်စွမ်းမှုကို ရှေ့ရှု ဆောင်ရွက်ခြင်းလည်း ဖြစ်သည်။ ပုခက်တင်မင်္ဂလာသည် ငယ်စဉ် မှစ၍ကလေးကို ပုခက်တွင် ထည့်၍ကလေးငယ်၏ စိတ်ကူး စိတ်သန်း အတွေးအခေါ်ကို တည်ဆောက်ရန် ဟူသော ရည်ရွယ်ချက်ကောင်း ပါရှိသည်။ စိတ်ပိုင်း ဆိုင်ရာ ပြုပြင်မှုပါရှိသည်။ မိခင်ရင်ခွင်နှင့် မခြားရှိသော ပုခက်တွင်းလုံခြုံမှု၊ နှစ်မြို့က်မှုရရှိသောကြောင့် ကလေး၏ စိတ်ပိုင်းဆိုင်ရာ သိမ်မွေ့မှုကိုဖြစ်စေသည်။ ပုဆိုးထဘီအင်္ကျီ ဝတ်ဆင်သော မင်္ဂလာသည် သိမ်မွေ့မှုကို ဖြစ်စေသည်။ ပုဆိုးထဘီ အင်္ကျီဝတ်ဆင်သော မင်္ဂလာသည် ဝတ်တတ်စားတတ်အောင် ယဉ်ကျေးမှုအစဉ် အလာထိန်းသိမ်းစေရန် ရည်ရွယ်ပြုလုပ်သော မင်္ဂလာဖြစ်သည်။ မိမိရိုးရာဆင်ယင်ထုံးဖွဲ့မှုကို မြတ်နိုးရန် မင်္ဂလာပြု အခမ်းအနား ပြုလုပ်ခြင်းဖြစ်သည်။ ဆံပင်ထုံးဖွဲ့သော မင်္ဂလာမှာလည်း



ရိုးရာဆင်ယင် ထုံးဖွဲ့ဝတ်ဆင်မှုကိစ္စတွင် ပါဝင်သည်။ ယခုခေတ် လူငယ်များ မိမိတို့အမျိုးသားဝတ်စုံကို စွန့်ပစ်ကာဘောင်းဘီ ဖင်ကျပ်လျှပ်ပေါ် လော်လီသော အင်္ကျီအဝတ်အစားများ၊ လူငယ် ယောကျ်ားလေး၊ မိန်းကလေးများ ဝတ်စားလာကြသည်။ အလွန် ပါးလွှာသောအင်္ကျီ၊ မိန်းကလေးများရင်သားကို ဖော်၍ ပခုံးလက်ပြင်၊ လက်မောင်းစသည်တို့ပေါ်တွင် အဝတ်မတင်ဘဲ ဝတ်စား ဆင်ယင်မှု တို့သည် တိုင်းတစ်ပါး ဆင်ယင်ထုံးဖွဲ့မှုများ၊ မြန်မာ့ရိုးရာ ဆင်ယင် ထုံးဖွဲ့မှုနှင့် ဗီလာဆန့်ကျင်သော ဝတ်စား ဆင်ယင်မှုများ ဖြစ်သည်။ မြန်မာသတို့သား သတို့သမီး လူငယ်လူရွယ်တို့ မြန်မာ့ ထုံးတမ်းစဉ်လာ ဆင်ယင်ထုံးဖွဲ့မှုများကို မြတ်နိုးတွယ်တာစေရန် ရည်ရွယ် လုပ်ဆောင်မှု ဖြစ်သည်။ နားထွင်းမင်္ဂလာ၊ ရတနာခြယ်သော မင်္ဂလာသည် ရွှေငွေကျောက်မျက် ရတနာများကို မြတ်နိုးတတ်အောင် ဝတ်ဆင် တတ်အောင်၊ စုဆောင်း တတ်အောင်ရည်ရွယ်၍ ပြုလုပ်သောမင်္ဂလာ ဖြစ်သည်။ မြန်မာ့ရိုးရာ ဓလေ့ထုံးစံများတွင် မည်သည့်နေ့ရက်တွင် မည်သည့်ရတနာဆင်ရမည်။ မည်သည့် နေ့ရက်မွေး သူနေ့သင့်နံသင့် ရတနာက ဘာတွေ ဖြစ်သည်စသည်ဖြင့် ပြဋ္ဌာန်းသတ်မှတ်ခြင်းရှိသည်။ လည်ရွဲရတနာ ဝတ်ဆင်စရာ ကျောက်မျက်ရတနာတို့သည် ကြွယ်ဝချမ်းသာမှုကို ပြဆိုခြင်းဖြစ်၍ လူ့ဘဝစည်းစိမ်ရတနာတို့ ပြည့်စုံချမ်းသာမှုရှိရေးကို ရည်ညွှန်းလုပ်ဆောင်သော မင်္ဂလာပွဲ ဖြစ်သည်။ ရှင်ပြုမင်္ဂလာပွဲသည် လောကီ လောကုတ္တရာနှစ်ဖြာသော အကျိုးကို ရည်မှန်းလုပ်ဆောင်သောပွဲ ဖြစ်သည်။ ရှင်ပြုခြင်းသည် သားသမီးတို့အား အရွယ်ဝင် သည်မှစ၍ သာသနာ့အမွေပေးအပ်သော ပွဲလည်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်အဖြစ် သွတ်သွင်းသောပွဲ မိမိသား၊ မိမိသမီးတို့ ဗုဒ္ဓဘာသာဖြစ်ကြောင်း သွေမကွာသေချာစေကြောင်း ရယ်နှင့် လူ့ဘုံရပ်ရွာအလယ်တွင် ကြေညာမောင်းခတ်သောပွဲကြီး

www.burmeseclassic.com



သဘင်လည်း ဖြစ်ပါသည်။ ကိုရင်လောင်း၊ မောင်ရင်လောင်းဘဝမှစ၍ ဘုရားရှိခိုး သက်န်းတောင်း၊ သာမဏေပြုခြင်း၊ ဥပဇ္ဈာယ်ဆရာအဖြစ် ပန့်ကြားခြင်း၊ ရှင်ကျင့် ဝတ်ကိုလိုက်နာခြင်းတို့သည် မောင်ရင်လောင်း အား အကျင့်စာရိတ္တ၊ ရှင်သိက္ခာ၊ လူ့သိက္ခာတို့နှင့် ယှဉ်၍ ပညာသင်ကြားခြင်းဖြစ်သည်။ ရှင်သာမဏေပြုရေးကို ရည်မှော်၍ စာစောပိုင်းကလည်း ပညာသင်ကြားပြီး မောင်ရင်လောင်းဘဝ၊ သာမဏေ ဘဝတွင်လည်း စာပေသင်ကြားရသည်။ ရှင်ပြုမင်္ဂလာပွဲ သည် စာပေပညာ သင်ကြားမှု ပါဝင်သော မင်္ဂလာသဘင် ဖြစ်သည်။ လက်ထပ်မင်္ဂလာပွဲသည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ မူလဘူတ ဖြစ်သောမိသားစု အခြေခံကို ရည်သန်ပြုလုပ်သော လောကီမင်္ဂလာပွဲ ဖြစ်သည်။ ချမ်းသာ ကြွယ်ဝသော အိမ်ထောင်စု၊ သာသနာပြုဘုရား ဒါယကာ၊ ဒါယိကာမ၊ ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမများ ဖြစ်၍ ဘုရားသာသနာကို တာဝန်ယူစောင့်ရှောက်၍ လောက ကောင်းကျိုး လောကုတ္တရာ ကောင်းကျိုးတို့ကို ဆောင်ရွက် ရန်ရည်သန် ပြုလုပ်သော မင်္ဂလာ ဖြစ်ပါသည်။

၂၅။ ထိုလောကီမင်္ဂလာအခမ်းအနားများကို ပြုလုပ်ရာတွင် ငွေ ကုန်ကြေးကျခံ၍ ဘိသိက်မင်္ဂလာအခမ်းအနားများကိုကြီးကျယ်စွာပြုလုပ် သည်ထက် မြန်မာ့ရိုးရာလောကီမင်္ဂလာအဖြာဖြာကျင်းပခြင်း၏ ရည်ရွယ်ချက်ကို မျက်ခြည်အပြတ်မခံဘဲ ကျင်းပရသည်။ သို့မဟုတ် ပါက ရည်ရွယ်ချက်ပျောက်ကင်းပြီး ပကာသနလုပ်ရပ်များ၊ လောကီ မင်္ဂလာအခမ်းအနားများတွင် အကုသိုလ်မကင်းသော အစီအရင်များ ပြုလုပ်ခြင်း၊ ယစ်ပူဇော်ခြင်းစသည်တို့ မပါဝင်အောင်ရှောင်ရှားရမည်။



## မဟာမင်္ဂလာမင်းခမ်းတော် ခေါင်းဆောင်ပျိုးထောင်မှု မြန်မာအစဉ်အလာ

၂၆။ အရပ်သူအရပ်သား ပြည်သူအပေါင်းတို့သည် လောကီမင်္ဂလာ အခမ်းအနားများပြုလုပ်ကျင်းပလိုက်နာ ကြသည့်နည်းတူ ရှေးဘုရင် မင်းများသည်လည်း လောကီမင်္ဂလာ(၁၂)ခန်းကို မဟာမင်္ဂလာ မင်းခမ်းတော်များအဖြစ် တိတိကျကျ ကြီးကျယ်ခမ်းနားထည်ဝါစွာ ပြုလုပ်ကျင်းပကြသည်။ ထိုကဲ့သို့ မဟာမင်္ဂလာမင်းခမ်းတော်များ တိတိကျကျလိုက်နာခြင်းသည် နောင်တိုင်းပြည်ကိုစိုးမိုး အုပ်ချုပ်မင်း လုပ်မည့် မင်းညီမင်းသား သားတော်၊ သမီးတော်များ၊ ဆွေတော် မျိုးတော်များ ဇာတိသွေးဇာတိမာန်ကို မွေးမြူရန် တိုင်းနိုင်ငံနှင့် ဘာသာ သနာကို တန်ဖိုးထားရန် ကာကွယ်စောင့်ရှောက်ရန်အတွက် ရည်သန်မှု ထား၍ ပြုလုပ်ခြင်းဖြစ်သည်။ မဟာမင်္ဂလာမင်းခမ်း တော်များသည် အုပ်ချုပ်သူခေါင်းဆောင်ပြုစုပျိုးထောင်မှု လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ရှေးအုပ်စိုးသူ ဘုရင်မင်းမြတ်တို့သည် ထီးဆောင်း၊ ဥကင်တော် ဖွင့်ရာဇဘိသေကမုဒ္ဒါဘိသိက်မင်္ဂလာ အိမ်ရှေ့နှင်းအပ်မင်္ဂလာ၊ အိမ်ရှေ့မိဖုရား ရေသွန်းလက်ထပ်မင်္ဂလာ၊ အိမ်ရှေ့မိဖုရားနားထွင်း ဆံထုံးထုံးမင်္ဂလာ၊ တဘက်ဝတ်ဒုက်ဆင် မင်္ဂလာ၊ မင်္ဂလာထမင်း ဟင်းချက်ပုံ၊ ခင်းကျင်းပုံ၊ ကျွေးပုံမင်္ဂလာ၊ ဆံထုံးထုံးဖွဲ့ပုံမင်္ဂလာ၊ မင်္ဂလာ စကားခုနစ်ခွန်း လျှောက်ပုံမင်္ဂလာ၊ လက်ဖွဲ့အဆောင်အပ်နှင်းမှုမင်္ဂလာ၊ အိမ်ရှေ့စံအရာရှိခန့်မင်္ဂလာ၊ သားတော်သမီးတော် ထမင်းခွံ့၊ ထွမ်းခွံ့ မင်္ဂလာ၊ နားထွင်းသျှောင်ထုံးမင်္ဂလာတို့ကို မပျက်မကွက် တလေး တစားလိုက်နာကျင့်သုံးကြသည်။

အင်းဝဘုရင်မင်းကြီးစွာစော်ကဲက စောမွန်ကြီးအား ရှိန်သား ခန့်ထားရာ မင်္ဂလာအခမ်းအနား၌

www.burmeseclassic.com

www.burmeseclassic.com



"ပြည်သူလူရဟန်းတို့ကို ချစ်လျှင် ငါ့ကိုချစ်သည်မည်၏။
ပြည်သူ လူ ရဟန်းတို့၏ အကျိုးစီးပွားကိုလိုလားလျှင် ငါ့
အကျိုးစီးပွားကိုလိုလားသည်မည်၏ -"

ဟုမြွက်ကြား၏။

**နိုင်ငံခေါင်းဆောင်ပြုစုပျိုးထောင်မှုလုပ်ငန်း**

၂၇။ သာလွန်မင်းတရားကြီး၏ ရာဇဘိသေက ထီးဆောင်းတော်မူအံ့သည့် အခမ်းအနားစီရင်ရာသည်ကား-

နန်းတော်အရှေ့ရှုးရှုး မြေပြင်ညီညွတ်သာယာသောအရပ်၌ မြေနန်းမဏ္ဍပ်နှင့်တကွ လေးဆောင်သော နန်းပြာသာဒ်တို့ကို တစ်ပြိုင်နက်ဆောက်စေရာသည်။ အရှေ့ရှုးရှုးမြေအပြင်၌ ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော သူကြွယ်သားတို့ကို ရွှေပေါက်တူး၊ ငွေပေါက်တူးတို့ကို ခွဲဝေ၍ညီညွတ်စေရာ၏။ ထို့နောက် ကြန်အင် လက္ခဏာနှင့် ပြည့်စုံသော ရှစ်ရှည်းသောနွားတို့ကို ရွှေကြိုးငွေကြိုးတို့ဖြင့် တန်ဆာဆင်၍ ရွှေထွန်ငွေထွန်၊ ရွှေထမ်းပိုး၊ ငွေထမ်းပိုးတို့ကို ကပြီးလျှင် ပုရောဟိတ်ပုဏ္ဏားတို့ကို ရှေ့တန်းတင်၍ကောင်းသော အချိန်အခါနေ့ရက်၌ မြေကို ထွန်စေ၊ ညီညွတ်စေပြီးသော် စပါးမျိုး ခုနစ်ပါးတို့ကိုကြဲရမည်...စသည်ဖြင့် မြေပြင်သည်မှစ၍ အသေးစိပ် ရေးသားဆင်ယင်ကျင်းပ၏။ ကမ္ဘာဦးအစမဟာသမ္မတမင်္ဂလာမြိမ်ဒေသ သကျသာကီဝင်မင်းတို့မှစ၍ တကောင်း၊ ဟန်လင်း၊ ဗိဿနိုး၊ သီရိခေတ္တရာ၊ သထုံ၊ သီဟိုဠ်၊ ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ အင်းဝမှစ၍ ရတနာသိင်္ခပထမမြို့တည်နန်းတည် အလောင်းမင်းတရားကြီးမှသည် ရတနာပုံပထမမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာ တင်မင်းတရားကြီးနှင့် သီပေါဘုရင်မင်းတို့တိုင် ကနက်ဥကင်ရာဇဘိသေက သဘင်ကိုလည်းကောင်း၊ ရေသွန်း လက်ထပ်ထိမ်းမြားတော်မူသောမင်္ဂလာ၊



အိမ်ရှေ့မင်းအဖြစ်အပ်နှင်းတော်မူသောမင်္ဂလာ၊ နားထွင်းဆံထုံးထုံး ဒက်ဆင်တဘက်ဝတ်မင်္ဂလာ၊ လက်ထပ်မင်္ဂလာ၊ ကွမ်းဦးခွံ့မင်္ဂလာ၊ နာမကရဏလက်ဖွဲ့မင်္ဂလာစသည်တို့ကို မချွတ်မယွင်း မလစ်ဟင်းရအဲ အလေးအနက်ထား၍ လောကီမင်္ဂလာ ဆယ့်နှစ်ခန်းကို အလေးအနက်ထားကျင်းပသည်။ ရှေးဘုရင်မင်းမြတ်တို့သည် လောကီမင်္ဂလာများကို အရပ်သူအရပ်သားတို့ထက်ပို၍ လေးနက်ခမ်းနားစွာ ကျင်းပသည်။ ဤသို့ကျင်းပခြင်းသည် အရပ်သူအရပ်သားများ ပို၍ ရှိသေသမှု ရှိအောင် သော်လည်းကောင်း၊ လောကီမင်္ဂလာ အခမ်းအနားတို့သည် မဖြစ်မနေလိုအပ်သည်ဟု ယုံကြည်သောကြောင့်လည်းကောင်း နိုင်ငံခေါင်းဆောင် အကြီးအကဲ ပြုစုပျိုးထောင်မှု လုပ်ငန်းအနေနှင့်သော်လည်းကောင်း မိမိတို့၏ ဘုန်းတန်ခိုး အာနုဘော်ကို ပြဆိုလိုသောကြောင့်သော်လည်းကောင်း ထိုကဲ့သို့ ကြီးကျယ်ခမ်းနားစွာ ကျင်းပခြင်း ဖြစ်သည်။

**<u>တောင်တွင်းကြီးမင်းသမီး နားတွင်း၊ ဆံထုံးထုံး၊ ဒက်ဆင်၊ တဘက်ဝတ်မင်္ဂလာအခါတော်ပုံ</u>**

ဧယေတု ။ ။ တောင်တွင်းကြီးမင်းသမီး၊ နားတော်သွင်း၊ ဆံထုံးထုံး၊ ဒက်ဆင်၊ တဘက်ဝတ်မင်္ဂလာဆောင်တော်မူမည့် ကောင်းမြတ်သောအခါတော်။

သက္ကရာဇ် ၁၁၄၅ ခု ဒုတိယဝါဆိုလဆန်း ၁၂ ရက်နေ့ ညဉ့် ၁ ချက်တီးကျော် ၁ နာရီ ၂ ပဒ် ၁ ဗီဇနာ ပြန့်ပြည့် ခရာ ပြည့်လျှင် အရှေ့သို့ မျက်နှာပြု၍ တနင်္လာသမီး၊ ဗုဒ္ဓဟူးသမီးတို့ကို မ/စခြံရံစေ၍ နားတွင်း၊ ဆံထုံးထုံး တဘက်ဝတ်စေရာသည်။ ပရိတ်တော်ပန်း၊ ကံ့ကော်၊ မုရား၊ သပြေညွန့်ဆောင်ရာသည်။ ၄င်းအခါတော်နှင့် နားတွင်း၊ ဆံထုံးထုံး၊ ဒက်ဆင်ပြီးလျှင် ညဉ့် ၁

www.burmeseclassic.com

www.burmeseclassic.com



ချက်တီးကျော် ၂ နာရီ ၂ ပါဒ် ၈၄ ဗီဇာ ၂ ပြန် ခရာပြည့်လျှင် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားရာသည်။ (အကျယ်ကို စာရေးတော်ကြီး ဦးရာကျော်၏ မြန်မာမဟာမင်္ဂလာမင်းခမ်းတော် စာအုပ်တွင် ကြည့်ရှုနိုင်သည်။)

## မြန်မာတို့၏တန်ဖိုးထားမှုစနစ်

၂၈။ မြန်မာလူမျိုးတို့၏ ဘဝတစ်သက်တာသည် ကျက်သရေမင်္ဂလာဟူသော စကားရပ်ဖြင့် ထုံမွှေးသင်းပြန့် နေ၍ မြန်မာ့လူ့ဘောင်ဘဝသည် ကျက်သရေမင်္ဂလာ လမ်းခင်းသော ဘဝဖြစ်ပါသည်။ မြန်မာတို့သည် ဖော်ပြပါ အတိုင်း လောကီမင်္ဂလာ ၁၂ ခန်းသတ်မှတ်ထားရာ မင်းစိုးရာဇာတို့ကလည်း မင်းစိုးရာဇာအလျောက် ကြွယ်ဝချမ်းသာသူများ ဝုဏ်ဒြပ်ကြီးမားသူတို့ကလည်း သူတို့၏ ကြီးမားသော ရာထူးဂုဏ်ထူးဒြပ်များအလျောက်ကျင်းပကြ၍ လောကီမင်္ဂလာအခမ်းအနားများကို ကျင်းပကြသည်။ အများပြည်သူတို့ကလည်း မိမိတို့အတိုင်းအတာနှင့် မိမိတို့ပြုလုပ်ကျင်းပကြစမြဲဖြစ်သည့် မင်္ဂလာဆိုသောအရာရှိကြောင်း ဘုရားမပွင့်မီကပင် ကမ္ဘာလောကအတွင်း၌ ကောလဟာလရှိ၏။ ဘုရားမပွင့်မီ ကာလက ရေပြည့်အိုးသည် မင်္ဂလာတစ်ပါးဟူ၍လည်းကောင်း၊ ငါးနှစ်ကောင်သည် မင်္ဂလာတစ်ပါးဟုလည်းကောင်း၊ ခရုသင်းသည်မင်္ဂလာဟုလည်းကောင်း ထင်မှတ်၍ မင်္ဂလာအခမ်းအနားများတွင် ရေပြည့်အိုး၊ ငါးနှစ်ကောင်၊ ခရုသင်းစသည်တို့ကို အသုံးပြုခဲ့သည်။ ထို့ကြောင့် တကောင်းမြို့ကြီးအား ဘုရားပွင့်တော်မမူမီကပင် တည်ရှိသော မြို့ဖြစ်ကြောင်းပြသသည့်အနေဖြင့် တကောင်းမြို့ မုခ်ဦးကြီးကို ပြုလုပ်ရာတွင် ခရုသင်း၊ ငါးနှစ်ကောင်၊ ရေပြည့်အိုး၊ သီရိဝစ္ဆတို့ကို အမှတ်အသားအဖြစ်ဖော်ပြထားရှိခဲ့သည်။ နောင်မြတ်စွာဘုရား ပွင့်တော်မူပြီးသောအခါတွင်မှ အခါတစ်ပါး၌



မထင်ရှားသောနတ်သားက မင်္ဂလာတရားအကြောင်းကို ဘုရားရှင် ထံလျှောက်ထားကြသော အခါတွင်မှ ၃၈ ဖြာသော မင်္ဂလာတရားကို မြတ်ဗုဒ္ဓကဟောကြား တော်မူပါသည်။ လောကီမင်္ဂလာ အခမ်းအနားများသည် မြန်မာတို့၏ လူနေမှုဘဝ မြန်မာတို့၏တန်ဖိုးထားမှု Value System ပေါ်ပေါက်လာခြင်းဖြစ်သည်။ မင်္ဂလာ ၁၂ ခန်းဆိုသည်မှာ မြန်မာတို့၏ လူ့ငယ်ဘဝကို မင်္ဂလာတို့ဖြင့် အကြိမ်ကြိမ် အထပ်ထပ် ထုံမွှမ်းခြင်း၊ လူငယ်ဘဝကို မင်္ဂလာတရားဖြင့် လိမ်းကြံပေးထားခြင်း၊ လူကိုမင်္ဂလာရှိစေသော အလုပ်များပင်ဖြစ်၏။ မင်္ဂလာနှင့် မကင်းမကွာ လူ့ဘဝကို တည်ဆောက်မှုဖြစ်သည်။

မြန်မာတို့သည်

- အောင်မြင်မှုများကို တန်ဖိုးထားသည်။
- ရိုးသား၍ စာရိတ္တမြင့်မားမှုကို တန်ဖိုးထားကြသည်။
- အေးချမ်းခြင်း၊ ငြိမ်းချမ်းခြင်းကို တန်ဖိုးထားကြသည်။
- တမလွန်ဘဝတွင် သာလွန်ကောင်းမွန်သောဘဝ ရရှိမည်။ ထိုမှတစ်ဆင့် နိဗ္ဗာန်တိုင်တက်လှမ်းနိုင်ရေးကို တန်ဖိုးထားကြသည်။
- အလှူရေစက်လက်နှင့်မကွာ ပေးကမ်းလှူဒါန်းခြင်းကိုလည်း တန်ဖိုးထားကြသည်။

၂၉။ မြန်မာတို့၏ လောကီမင်္ဂလာ ၁၂ ပါးသည် မြန်မာတို့သည် မြန်မာတို့တန်ဖိုးထားသော စနစ် Vaule System နှင့် ဆက်စပ်နေသည်။ လောကီမင်္ဂလာ ၁၂ ပါးသည် မြန်မာတို့၏ လူငယ်ဘဝပြုပျိုးထောင်မှုစနစ်ပင်ဖြစ်၍ အရေးကြီးသည်။ မင်္ဂလာ ၁၂ ခန်း ထို မိမိတို့၏ သားသမီးလူငယ်များကို တတ်နိုင်သမျှ မင်္ဂလာဆောင်ကျင်း ပေးမှုများပြုရန်လိုအပ်ပါသည်။ လောကီမင်္ဂလာ ၁၂ခန်းသည် တကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်စသော မြန်မာတို့၏လူနေမှုဘဝအတွင်းမှ ပေါက်ဖွားလာခြင်းဖြစ်သည်။ သို့သော် လောကီမင်္ဂလာအခမ်းအနားများတွင် ပိုမိုကြီးကျယ်သော အစွဲအလမ်းများဖြင့် ပြုလုပ်ခြင်းကြောင့် အချို့သော မင်္ဂလာအခမ်းအနားများတွင် ပကာသန ချဲ့ထွင်မှုများ၊ ဟိန္ဒူအယူအဆ အတွေးအခေါ်များ ယဇ်ပူဇော်ခြင်းအစရှိသည့် ကိစ္စများကို မင်းပဒေသရာဇ်တို့ပြုလုပ်တတ်ကြသည်။ ထိုကဲ့သို့ လုပ်ဆောင်မှုများသည် မင်္ဂလာအခမ်းအနားပြုလုပ်သည်မှာ မင်္ဂလာမမည်ဘဲ အမင်္ဂလာအဖြစ်သို့ ရောက်ရှိကြရသည်။ လောကီမင်္ဂလာအခမ်းအနားများ စနစ်တကျဖြင့် ရည်ရွယ်ချက် မှန်ကန်စွာ ကျင်းပနိုင်ရေးအတွက် လောကီမင်္ဂလာအခမ်းအနား ကျင်းပရေးအစီအစဉ် လမ်းညွှန်စာအုပ်များ လိုအပ်ပါသည်။ မင်္ဂလာ အခမ်းအနား ၁၂ ဖြာကို တစ်ခုချင်းစီအနေနှင့် မည်သို့သော ရည်ရွယ်ချက်များထားရှိ ကျင်းပသည်ကို မင်္ဂလာမှုပြုသူတို့ရှင်းလင်း လွယ်ကူစွာ သိရှိထားရန် လိုအပ်သည်။

**နိဂုံး**

၂၉။ မြန်မာမှုလောကီမင်္ဂလာ ၁၂ ခန်းကို တင်ပြအပ်ပါသည်။ မင်္ဂလာမှုပြုခြင်းသည် ကောင်းမြတ်သောအရာဖြစ်၍ မြန်မာတို့လူနေမှုဘဝ၊ မြန်မာတို့တန်ဖိုးထားမှုစနစ်မှ ပေါက်ဖွားသောအရာများဖြစ်ပါသည်။ မင်္ဂလာ ၁၂ ခန်းသည် မြန်မာတို့၏လူငယ်ဘဝပျိုးထောင်မှုစနစ်ပင် ဖြစ်ပါသည်။ ဘဝကို တန်ဖိုးထားတတ်အောင် သတ္တိရှိအောင်၊ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်၊ အသွားအလာတို့ ယဉ်ကျေးသိမ်မွေ့အောင် သင်ကြားမှု၊ ပြုစုမှုကိစ္စရပ်များလည်း အကျုံးဝင်ပါသည်။ မြန်မာ့လူ့ဘောင် အဖွဲ့အစည်း၏ အခြေခံဖြစ်သော မိသားစုဘဝတည်ဆောက်ရေး၏ အဦးအဖျားကိစ္စဖြစ်သော လက်ထပ်



ထိမ်းမြားမှုပြုခြင်းကို မင်္ဂလာတစ်ရပ် ပြုလုပ်ကျင်းပခြင်းသည် မိသားစုအပေါ် တန်ဖိုးထားမှုလည်း ဖြစ်ပါသည်။

၃၀။ သို့ပါ၍ မြန်မာ့လူနေမှုဘဝနှင့် ဆက်စပ်တည်ရှိနေပြီး မြန်မာလူငယ်ဘဝပြုစုပျိုးထောင်ရေးစနစ်လည်း ဖြစ်သော မြန်မာတို့၏ လောကီမင်္ဂလာ(၁၂)ခန်းကို မြန်မာမိသားစုတိုင်းက ဘဝတည်ငြိမ်အေးချမ်းဖို့၊ သာယာစိုပြေဖို့မှသည် ကြွယ်ဝပြည့်စုံဖို့အထိ ဦးတည်ချက်ထားသောလောကီမင်္ဂလာ ၁၂ ပါးကို လူ့ဘဝတန်ဖိုးထားမှုနှင့် ယှဉ်တွဲတင်ပြအပ်ပါသည်။

ချစ်စံဝင်း

www.burmeseclassic.com

www.burmeseclassic.com



နှောက်ဆက်တွဲ (က)

## ဂဗ္ဘဝါသမင်္ဂလာပြုနည်း

ပဋိသန္ဓေ တည်နေကိန်းအောင်းသည်မှ မီးရှူးသန့်စင်၊ မွေးဖွားမြင်သေးမီအတွင်း ပဋိသန္ဓေသား၏ ကြီးပွားရာကြီးပွားကြောင်းကို ရည်စူး၍ ၇ရက် တစ်ကြိမ်၊ တစ်လ တစ်ကြိမ် အစရှိသည်ဖြင့် အကြိမ်ကြိမ် အဖန်ဖန် ပြုလုပ်အပ်သော မင်္ဂလာသည် "ဂဗ္ဘဝါသ မင်္ဂလာ" မည်ပါသည်။

ထိုဂဗ္ဘဝါသမင်္ဂလာ၏ ဝိဂြိုဟ်ဝစနတ္ထမှာ

"ဂဗ္ဘံ သာယ၊ အနုဂန္တွာ ဝသိတဗ္ဗောတိ ဂဗ္ဘဝါသော။

ယံ မင်္ဂလံ၊ အကြင်မင်္ဂလာသည်။ ဂဗ္ဘံ သာယ၊ ကိုယ်ဝန်၏အလိုသို့။ အနုဂန္တွာ၊ အစဉ်လိုက်၍။ ဝသိတဗ္ဗော၊ ကျင့်သုံး နေထိုင်အပ်၏။ ဣတိ တသ္မာ၊ ထိုသို့ကိုယ်ဝန်၏ အလိုသို့လိုက်၍ ကျင့်သုံးနေထိုင်အပ်သော သတ္တဝါကြောင့်။ တံ မင်္ဂလံ၊ ထို မင်္ဂလာသည်။ ဂဗ္ဘဝါသော၊ ဂဗ္ဘဝါသ မည်၏။

ဂဗ္ဘဝါသော စသော မင်္ဂလာစာတိ ဂဗ္ဘဝါသမင်္ဂလာ (ကမ္မဝါရည်းသမာသ်တွဲ)။

ဂဗ္ဘဝါသော စ၊ ကိုယ်ဝန်၏ အလိုသို့လိုက်၍ ကျင့်သုံးနေထိုင် အပ်သည်လည်း ဟောတိ ဖြစ်၏။ သော ထိုကိုယ်ဝန်၏ အလိုသို့ လိုက်၍ ကျင့်သုံး နေထိုင်အပ်၏ ဟူသည် မင်္ဂလာစ မင်္ဂလာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထိုသို့ နှစ်ပါးသော သတ္တဝါကြောင့်။ ဂဗ္ဘဝါသ မင်္ဂလာ၊ ဂဗ္ဘဝါသ မင်္ဂလာ မည်၏။



ထိုအပြင် တစ်နည်း ဝိဂြိုဟ်မှာ ... "ဂဗ္ဘေ ဝသတီတိ ဂဗ္ဘဝါသော။ ယော၊ အကြင်သားသမီးသည်။ ဂဗ္ဘေ၊ ဝမ်းကြာတိုက်၌ ဝသတိ၊ ကိန်းအောင်းသောအားဖြင့် နေတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဝမ်းကြာတိုက်၌ ကိန်းအောင်းသောအားဖြင့် နေတတ်သော သတ္တဝါကြောင့်။ သော၊ ထိုသားသမီးသည်။ ဂဗ္ဘဝသော၊ ဂဗ္ဘဝါသ မည်၏။

ဂဗ္ဘဝသာယ ကရဏံမင်္ဂလံ ဂဗ္ဘဝါသမင်္ဂလံ။

ဂဗ္ဘဝသာယ၊ အမိ၏ ဝမ်းကြာတိုက်၌ ကိန်းအောင်းသော အားဖြင့် နေသော သူ၏ အကျိုးငှာ။ ကရဏံ၊ ပြုအပ်သော။ မင်္ဂလံ၊ မင်္ဂလာတည်း။ ဂဗ္ဘဝါသမင်္ဂလံ၊ အမိ၏ ဝမ်းကြာတိုက်၌ ကိန်းအောင်းသောအားဖြင့် နေသောသူ၏အကျိုးငှာ ပြုအပ်သော မင်္ဂလာသည် ဂဗ္ဘဝါသမင်္ဂလာ မည်၏။

ထို့ကြောင့် စကြာမင်းလောင်း သားကောင်းပဋိသန္ဓေကို ဖွားကြောင်း ပကတိမသွေ အရှင်မိဖုရားကြီး၏ တစ်စေ့ မမှားရအောင် သတိထားကာ စောင့်ရှောက်ရဘိသကဲ့သို့ မကောင်းသည့် အရာဟူသမျှတို့သည် မြူမစ ဘေးမသန်းဘဲ အေးချမ်းကြီးပွား၍ ထီး တရာ့တစ်ပါး၏ ကေရာဇ်အဖြစ်ကို မျှော်ပြီးလျှင် လေးဖော်သော သဒ္ဒေးကြီးနှင့် တပြေးညီစွာ ဤအခါသမ္ဘာထူးစေဖို့ ကမ္ဘာဦးက သမုတ်ခဲ့တာကြောင့် အဟုတ်မပျက်ရအောင် ဆက်ကာအောင်လို့ရို့ အထက်ယခေါင် နတ်ပြဟ္မာကစခဲ့သည့် ဂဗ္ဘဝါသမင်္ဂလာကို လှော်ကြော ဆင်ကာနွှဲပါသည်။ တမင်္ဂလာမလွဲ သားကောင်းရတနာကို ဖွားကြောင်းမကြာ ဘုန်းတန်းတက်လို့မို့ အနန္တရတနာကြွယ်ပြီး အသက်တစ်ရာ့နှစ်ဆယ်ရှည်စေသော...။

(ဘိသိက်မင်္ဂလာကျမ်းမှ)

www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆက်တွဲ (ခ)

# ဝိဇာတမင်္ဂလာပြုနည်း

မီးရှူးသန့်စင်ဖွားမြင်သောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် ဝိဇာတမင်္ဂလာ မည်ပါသည်။

ဝိဇာယနံ ဝိဇာတော (ဘာဝသာဓန)။ ဝိဇာယနံ၊ ဖွားမြင်ခြင်း။ ဝိဇာတော၊ ဖွားမြင်ခြင်း။

ဝိဂ္ဂြိုလ်ကား - ဝိဇာယနကာလေ ကာတဗ္ဗန္တိ ဝိဇာတ ကရဏံ။ ယံ မင်္ဂလံ၊ အကြင်မင်္ဂလာသည်။ ဝိဇာတကာလေ၊ ဖွားမြင်သောကာလ၌။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဖွားမြင်သောအခါ၌ ပြုအပ်သော သတ္တိကြောင့်။ တံ မင်္ဂလံ၊ ထိုမင်္ဂလာသည်။ ဝိဇာတ ကရဏံ၊ ဝိဇာတကရဏ မည်၏။

ဝိဇာတကရဏဉ္စ တံ မင်္ဂလာစာတိ ဝိဇာတကရဏမင်္ဂလာ၊ (ကမ္မဓာရည်း သမာသ်တွဲ)။
ဝိဇာတကရဏဉ္စ၊ ဖွားမြင်သောအခါ၌ ပြုအပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုဖွားမြင်သောအခါ၌ ပြုလုပ်သည်လည်း။ မင်္ဂလာစ မင်္ဂလာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထိုသို့ နှစ်ပါးသော သတ္တိကြောင့်။ ဝိဇာတကရဏ မင်္ဂလာ၊ ဝိဇာတ ကရဏမင်္ဂလာ မည်၏။

အထိကရ အတိုးအပွား အသပြာ ကြွယ်စေဖို့ အမိ အဘ အဘိုးအဘွား ဉာတကာ အနွယ်တို့နှင့်တကွ သတိုးမြရတနာ တစ်သွယ်ကို ကိုးလမှာလွယ် ဆယ်လမှာ မွေးလို့မို့ ဆယ်ဝတရားကို သတိယှဉ်ကာဖြင့် မိခင်မာတာ ဆယ်သိန်းဆုပေါက်သလို



တကယ်ဝမ်းမြောက်မှုအတွက် ဥဒည်စွန်းက ဖျော့ကောင်ကျွန်းသို့ နေအထွတ်စွင် ရေမျက်နှာပြင် အထိကရ ကြာအလားကဲ့သို့ အမိအဘနှစ်ဖြာအကြားမှ ဘွားကနဲပေါ်လာပြီး စကြာမင်း ပတ္တမြားသားကောင်းရတနာ ဖွားမြင်ပါသည်။ ကြည်သာဝမ်းမြောက် ခုန်ပေါက်သာယာ ရွှင်ကာကကာ ကြည်နူးစွာဖြင့် နှစ်ဖြာမိဘ ယုယချော့မြှူ သည်းအူရွှင်အိ ပွမ်းဆီထိသို့ အမိသားကောင်း ချမ်းသာကြောင်းဖြင့် ကြီးပွားကြောင်း နေသမ္မာ့တိုးတက် တန်ခိုး ထွက်လျက် အသက်ရာကျော်ရှည်ကြောင်း မျှော်၍ပြုသောအခါ မင်္ဂလာမှု ထင်စွာနာမ ဝိဇာတ ဟုခေါ်ကြသည်သာ ဖွားသောအခါ၌ ပြုရာကရဏ ဝိဇာတ မင်္ဂလာဆင်မြန်းပါသည် ရွှင်လန်းစွာ ရောဂါကင်း၍ ဘောဂမယွင်းသမ္ပတ္တိနှင့် ပြည့်လို့မို့ ဘယ်နတ္တိ၊ ဂမုန်းပန်းအမျိုးကလေးမှာ ဘုန်းတန်းတိုး၍ မပျက် တစ်ကမ္ဘာမျှော်ပြီး အသက်ရာကျော်ရှည်စေသော် ...

(ဘိသိက်မင်္ဂလာကျမ်းမှ)

www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆက်တွဲ (ဂ)

# သိရောဒကမင်္ဂလာပြုနည်း

မီးရှူးသန့်စင် ဖွားမြင်ပြီး၍ မကြာမီအတွင်း တရော်ကင်ပွန်းတို့ဖြင့် ဦးခေါင်းဆေးလျှော်၍ ကင်ပွန်းတပ်ခြင်းသည် သိရောဒကမင်္ဂလာမည်ပါသည်။

ဝိဂြိုဟ်ကား - သီရဿဒကေန ဓောဝနကာလေ ကာတဗ္ဗန္တိ သိရောဒကံ။ ယံမင်္ဂလံ၊ အကြင်မင်္ဂလာ သည်။ သီရဿ၊ ဦးခေါင်းကို။ ဿဒကေန၊ ရေစင်ဖြင့်၊ ဓောဝနကာလေ၊ ဆေးလျှော်သော ကာလ၌။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဦးခေါင်းကို ဆေးလျှော်သောကာလ၌ ပြုအပ်သောသတ္တိကြောင့်။ တံ မင်္ဂလာ၊ ထိုမင်္ဂလာသည်။ သိရောဒကံ၊ သိရောဒက မည်၏။

သိရောဒကဥ္စ တံ မင်္ဂလာစာတိ သိရောဒက မင်္ဂလာ (ကမ္မာဓာရည်းသမာသ်တွဲ)။

သိရောဒကဥ္စ၊ ဦးခေါင်းဆေးလျှော်သော ကာလ၌ ပြုအပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထို ဦးခေါင်းဆေးလျှော်သော ကာလ၌ ပြုအပ်၏ ဟူသည်။ မင်္ဂလာစ၊ မင်္ဂလာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထိုသို့ နှစ်ပါးသောသတ္တိကြောင့်။ သိရောဒကမင်္ဂလာ၊ သိရောဒက မင်္ဂလာ မည်၏။

ချစ်လှစွာသော သားသမီးဖွားမြင်ပြီး၍ မကြာမီ မဟာနဒီဂင်္ဂါရေနှင့် တင့်စွာမသွေ့ တရော်ကင်ပွန်းတို့ဖြင့် အဖျော်အဖြေနှင့်သွန်းကာ ခေါင်းဆေးလို့မို့ တမုဟုတ်အကြောင်းမရွေး ကင်ပွန်းတပ်သည်ကို ယခင် အညွှန်းဇာတီနှင့်အညီ ဟောကာပြုရ်လျှင်



သိရောဒကမင်္ဂလာကို လျှင်မကြာ အောင်ဖေယျတုဖြင့် သဘင်ခံကာနောင် အရှည်ရှလို့မို့ သောင်ငွေခရု ရှစ်ဖြပ်ဟွာသွန်းသည့်ပြင် တောင်ဇမ္ဗူလက်ျာကျွန်းတွင် တက်လာထွန်းသည့် နေဝန်းစန္ဒာတို့လို ခြွေရွှေဝန်းရံကာ တိုးဖွံ့မပေါက်နိုင်တဲ့အောင် ဇ၆ ပါးရောဂါဝေဒနာ၊ ကံကြမ္မာ ၃၂၊ ဘေးအပြစ် ၂၅၊ ၁၆ ပါးသော ဥပဒ္ဒဝေါ၊ ဆယ်ပါးသောဒဏ်၊ ရှစ်တန်သော အပြစ်၊ ငါးရစ်သော ရန်၊ သုံးတန်သောကပ်၊ လေးရပ်သော ဝိပ္ပတ္တိ စရိုများစွာ မကောင်းသော အနိဋ္ဌာတို့သည် ပိန်းကြာဖက်ဖျား ရေမနားသကဲ့သို့ လျှောသွား ပပျောက်ပါစေသတည်း။

[ဤနေရာ၌ တရော်ကင်ပွန်းရေတွင် ရတနာခုနစ်ပါးထည့်၍ သူငယ်၏ဦးခေါင်းကို ဆေးရမည်။]

ဤယခု ကောင်းမြတ်လှသည့် နေ့ရက်အခါတွင် သမ္မာဂုဏ်ဟိတ် လျှမ်းလျှမ်းဖိတ်မျှ ဣဋ္ဌအတွေတွေ ဂုဏ်အသရေတို့သည် လိုလေသည်မရှိရ အလုံးစုံပြည့်ဝ၍ နေ့ညသုံးစွဲ မင်္ဂလာတိုးတက် တန်ခိုးထွက်၍ အသက်ရာကျော် ရှည်စေသော ....။

(ဘိသိက်မင်္ဂလာကျမ်းမှ)

www.burmeseclassic.com

www.burmeseclassic.com



# ကင်ပွန်းတပ်မင်္ဂလာ ပွဲသိမ်းဆုပေး

ယခုဘဝပြုသမျှ သုခမင်္ဂလာ အခါကောင်းပေးအကြောင်းရွေး ခေါင်းဆေးသည့်အရာကို ထင်စွာယခု မင်္ဂလာပြုရန်ဖို့လျှင် မကြာသမူ အဖျော်အဖြေနှင့် သွန်းလို့မို့ တရော်ကင်ပွန်း အထပ်ထပ် အခွေခင်ပွန်း မပြတ်ရအောင် ကင်ပွန်းတပ်သည့် မင်္ဂလာကို ယခင်အညွန်းဇာတ် အလာ ဆင်ယင်ကာတစ်သက်ပွားစေဖို့ မင်္ဂလာဆယ့်နှစ်ပါးတွင် အထက်စကားအလာ အနှစ်အသားနှင့်တကွ ရှစ်ပါးသော မင်္ဂလာကို လျင်မကြာ တစ်ပါတည်းပြီးတဲ့အောင် ငါ တစ်နည်းရှိသည့် အနေဟောရလျှင် ""ဝိ-သီ-ကေ-ဒေါနှင့်တကွ နာ-ဒု-အ-ဘူ"" တို့ကို သဒ္ဓါသမူအတူ အကြံကောင်းထွက်လို့မို့ ကံကောင်းမပျက်ခင် ကံသစ်ဆက်မီလေအောင် ဉာဏ်ခမ္ဘစက် ကုသလာခမ္ဘာကို ပြုသမျှမကွာ တစ်ထုံတစ်နည်းနှင့် ဘုန်းကြီး၍ အသက်ရှည်ပြီး ကျက်သရေ ဘောဂဗလနှင့်ပြည့် လို့မို့ ရောဂါဘယမရှိ တွက်ခါကာရှင်းရလျှင်-

(၁) စကြာမင်း ပတ္တမြားသားကောင်းရတနာကို ဖွားကြောင်းမကြာ ပေါ်ပေါက် ထွန်းကားတော်မူ သဖြင့် မျှော်ထောက်၍ အညွန်းစကားနှင့်အညီ ဟောကာပြုရလျှင်-

(၂) သီရောဒက မင်္ဂလာဆိုတာလျင် မကြာ အောင် ဖေယျတုဖြင့် သဘင်ခံကာ နောင်အရှည်ရှုလို့မို့ သောင်ငွေခရ ရှစ်မြပ်ဟွာ သွန်းပြီးလျှင် တောင်ဇမ္ဗူ လက်ယာကျွန်းတွင် တက်လာသည့် နေဝန်းစန္ဒာတို့လို ခြွေရွှေဝန်းရံကာ အခြေအမြစ်နှင့် ပြပြီး၍-



(၃) ကေသစ္ဆေဒန မင်္ဂလာဆိုတာ ရန်အမြစ်တံဆိပ် မကပ်ရအောင် ဆံပင်ကိုရိတ်ဖြတ်ပြီး စိတ်မာတ်က ကြည်နူးစရာတို့ကို ရည်မှုးကာ ပြောကာပြုရလျှင်-

(၄) ဒေါလာကရဏဆိုတာကတော့ တစ်သက်အစဉ် မကွာတဲ့အောင် ပုခက်တင်မင်္ဂလာကို မပျက် ဆင်ကာ ယခင်အကျိုးတရားကြောင့် ယာဉ်မျိုးငါးပါး ရတော်မူသော ထုံးနှလုံး၌ ဆင်ခြင်၍-

(၅) သွင်မပြင် မသွေစိတ်ရှိ တည်ပေသည့် နေမိတ္တိဇာ အမည် နာမကရဏကို သဘာဝကျကျ ဇာင်ဆက် ကာဖြင့် မင်္ဂလာဒါနအမှုကို လာသမျှပြုကာ အလို အတိုင်းပြီးလို့မို့ ဆိုတိုင်းပြီးတဲ့ မုဂ္ဂျအာဏာရ တဲ့အောင်-

(၆) ဒုဿဂဟဏ မင်္ဂလာဆိုတာ ပုတ္တဒါရိုးသ အစဉ်အလာကို မပျက်ပန်ပတ္တနာ၍ ဘုမဿာ ပလ္လင်မှန်းပြီး ဘယက်တန်ဆာ ဒွာဒယာတို့ကို ဆင်မြန်းလိုက် ရှင် လန်းသည့် ဂါရမဏိပြသခ နှင့်တကွ-

(၇) အာဟာရ ပရိဘောဂ မင်္ဂလာကို ဝိသောခနှတင်ထာ ယခု အဟုတ် မကြာတဲ့အောင် အနုရုဒ္ဓဘဓာ ဘဂဝါတရားနည်းအတိုင်း အာဟာရပြီး၍ အဆင်း အဖူး အညွန့်ကလေးကို ထမင်းဦးခွံ့သော မင်္ဂလာ ဆင်ယင်ကာ ပြီးပါပြီ-

(၈) ပြင်ဆင်စရာ တစ်နည်း အလှူဒါနတို့တွင် လူသာမက ရှင်ပါ မကျန်ရအောင် ဘုရားဒေဝဓာ မင်္ဂလာဆိုတာ မြေပြင်ပထဗျာကို မြေတင်တာ

www.burmeseclassic.com

www.burmeseclassic.com



နင်းရသောအကျိုးကြောင့် ရေမြေမကြွင်း အစိုးရပြီး အမျိုးသမထနည်း သကျသာကီဝင်တာမို့ ကနက် အရပ် မြန်မာပြည်တစ်ခွင်မှာ တာရှည်ထင်စွာ အစဉ်အလာ မပျက်ရအောင် မင်္ဂလာဆယ့်နှစ်ရပ်တွင် ရှစ်ရပ်ကို ဤကင်ပွန်း တပ်မင်္ဂလာ၌ သုံးထိုက် သည့်ကြောင့် ဘုန်းမကိုင်ရွှ သတိုးမြရတနာတသွယ်ကို ကိုးလမှာလွယ် ဆယ်လမှာဖွားလို့မို့ ဆယ်ဝတရား သမ္မဇဉ်အလာကို ရန်အမျှင် ဘယာ တိုးဖွဲ့မပေါက်နိုင် တဲ့အောင် ဧဖ ဝေဒနာ၊ ကံကြမ္မာ-၃၂၊ ဘေးအပြစ်-၂၅၊ ၁၆-ပါးသော ဥပဒ္ဒဝေါ၊ ဆယ်ပါးသောဒဏ်၊ ရှစ်တန်သောအပြစ်၊ ငါးရစ်သောရန်၊ သုံးတန်သော ကပ်၊ လေးရပ်သော ဝိပ္ပတ္တိစရိုမျှားစွာ မကောင်းသော အနိဋ္ဌာတို့နှင့်တကွ အဟိတ်မာတြာ တူစာပေစာ သူငယ်နာ မုက္ခရ အဖုကျဗဟုံး ကိုယ်လုံးကျောပူ အပြင် ဖူထွက် ကျောက် ဝက်သက် နှင့် တစ်ချက် ကြက်ညှာ မှင်စာတစ္ဆေ စုန်းကဝေကစ၍ တစ်ချက် အတက်အလှန့် လန့်ဖျပ်ငိုကြွေး ကိုယ်သွေးမပျက် မနှောင့်ယှက်အောင် ကာကွယ်ဆောင်၍ တောင်စဉ် လျှို့နည်း ဖြိုဖျက်စီးဒသာ ကြမ္မာနိမိတ္တ မူလအန္တရာ ကောဇာအာယု မိတ္တုဥပဒ် စန်းပြုတ်လွှန်းပြုတ် သက်ခပ်ရှားမီး ဖြိုလ်စီးနိုပ်စက် စန်းလက်မကောင်း သံဒေါင်းနင်းနှိပ် ပြနိပ်ကဏ္ဍာ ပါပဒီသာ ဓာတာ နွမ်းညှိုး မကောင်းကျိုးအပေါင်း ကံဟောင်းနိမိတ် ဖြိုဖျက်အိပ်စန်းကျ ပါပသက်သုဉ်း နှလုံးမချမ်းဘေး



ဘျမ်းမဲပါဒ် မရပ်မတည် မကြည်မသာ ဗျာပါ သောက ဟူသမျှတို့သည် မြူမခ ဘေးမသန်းဘဲ အေးချမ်းစွာ ယခင်အညွန့် ဓာတ်အလာကို ရှုပြီး ဤယခု ကင်ပွန်းတပ်သော မင်္ဂလာကို ပြုပါသည် ရှင်ဗာကူရောဂါကင်းသကဲ့သို့ ဘောဂမယွင်း သဌေးကြီးတစ်သွယ် မနေးအပြီး တကယ် ဘုန်းတန်ခိုးတက်၍မို့ မဆုံးတဲ့ အကျိုးဆက် မပျက် ကမ္ဘာမျှော်ပြီး အသက်တစ်ရာ နှစ်ဆယ်ကျော် ရှည်စေသော်....။

(ဘိသိက်မင်္ဂလာကျမ်းမှ)

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆက်တွဲ (ဃ)

## ကောသဗ္ဗေဒနမင်္ဂလာပြုနည်း

ဝမ်းတွင်းဆံကို ပထမစ၍ ပယ်သောအခါ၌ ပြုလုပ်အပ်သော မင်္ဂလာသည်လည်းကောင်း၊ ရှင်သာမဏေပြုရာတွင် ဆံချသောအခါ၌ ပြုလုပ်အပ်သော မင်္ဂလာသည် လည်းကောင်း ကောသဗ္ဗေဒနမင်္ဂလာ မည်ပါသည်။

ဝိဂ္ဂြိုလ်ကား-ကေသံ ဆေဒိယတိတိ ကေသဗ္ဗေဒနံ။ ယံ မင်္ဂလံ၊ အကြင်မင်္ဂလာသည်။ ကေသံ၊ ဆံပင်ကို ဆေဒိယတိဖြတ် အပ်၏။ ဣတိတသ္မာ၊ ထိုသို့ဆံပင်ကို ဖြတ်အပ်သော သတ္တိကြောင့်။ တံကမ္မံ၊ ထိုအမှုသည်။ ကေသဗ္ဗေဒနံ၊ ကေသဗ္ဗေဒန မည်၏။

တစ်နည်းဝိဂ္ဂြိုဟ်-ကေသဗ္ဗေဒန ကာလေ ကာတဗ္ဗန္တိ၊ ကေသဗ္ဗေဒနကရဏံ၊ ယံ မင်္ဂလံ၊ အကြင်မင်္ဂလာ သည်။ ကေသဗ္ဗေဒနကာလေ၊ ဆံပင်ကို ရိတ်ဖြတ်သောကာလ၌။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဣတိတသ္မာ၊ ထိုသို့ ဆံပင်ကို ရိတ်သောကာလ၌ ပြုအပ်သော သတ္တိကြောင့်။ တံမင်္ဂလံ၊ ထိုမင်္ဂလာသည်။ ကေသဗ္ဗေဒန ကရဏံ၊ ကေသဗ္ဗေဒန ကရဏ မည်၏။

ကေသဗ္ဗေဒနဥ္စ တံမင်္ဂလာစာတိ၊ ကေသဗ္ဗေဒန မင်္ဂလာ (ကမ္မဓာရည်းသမာသ်တွဲ)။ ကေသဗ္ဗေဒနဥ္စ၊ ဆံပင်ကို ရိတ်ဖြတ် သောကာလ၌ ပြုအပ်သည်လည်း၊ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုဆံပင်ကို ရိတ်ဖြတ်သော ကာလ၌ ပြုအပ်၏ဟူသည်။ မင်္ဂလာစ၊ မင်္ဂလာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့နှစ်ပါးသော သတ္တိကြောင့်။ ကေသဗ္ဗေဒနမင်္ဂလာ၊ ကေသဗ္ဗေဒန မင်္ဂလာမည်၏။



(**မှတ်ချက်** ။ သူငယ်၏ ဦးခေါင်း၌ ဆံပင်ကို ရိတ်ရမည်။)

ကျမ်းရင်းအမှန် လမ်းရှင်ပြန် ဝမ်းတွင်းဆံပယ်ရန်အကြောင်း မထားကောင်းဟု လမ်းကြောင်းထင်စွာ ကဝိန္ဒာတို့ ချိန်ခါကောင်းဆေး အကြောင်းရွေး ခေါင်းဆေးမင်္ဂလာပြုပြီးခါ၌ မကြာဆံရိတ် အတိတ်ယတြာ သူငယ်နာ မှက္ခရု၊ အဖုကျဗဟုံး၊ ကိုယ်လုံးကျောပူ အပြင်စူထွက် ကျောက် ဝက်သက်နှင့် တစ်ချက်ကြက်ညှာ မှင်စာတာဇွေ စုန်းကဝေကစ၍ တစ်ချက် မနှောင့်ယှက်အောင် ကာကွယ်ဆောင်၍ တောင်စဉ်မာတြာ သူငယ်နာတို့ မကြာပြေးပုန်း အလွတ်ရုန်း၍ ပျက်ပြုန်းမသွေရန် လေးတွေ့ကို ဖွေဖွေစစ်စစ် အသရေဖြစ်အောင် ကေသဗ္ဗေဒန မင်္ဂလာကို ထင်စွာယခု .ပြုပါသည်။ ရှင်ဗာကူ ရောဂါကင်းသကဲ့သို့ ဘောဂမယွင်း သဌေးကြီးသဖွယ် မနေးအပြီး တကယ် ဘုန်းတန်ခိုးတက်၍မို့ အဆုံးကျိုးဆက် မပျက်တစ်ကမ္ဘာမျှော်ပြီး အသက်ရာကျော်ရှည်စေသော် …။

(ဘိသိက်မင်္ဂလာကျမ်းမှ)

www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆက်တွဲ (င)

## ဒေါ်ဠာကရဏာ မင်္ဂလာပြုနည်း

ယောဉ်ဆင်ကာ အစဉ်အလာဖြင့် ရှင်ဇွာမပျက် ပုခက်တင်သောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် ဒေါဠာကရဏာမင်္ဂလာမည်ပါသည်။

ဝိဂြိုလ်ကား-ဒေါဠံ ကရီယတိတိ ဒေါဠကရဏံ။ ယံ မင်္ဂလံ၊ အကြင် မင်္ဂလာသည်။ ဒေါဠံ၊ ပုခက်ယောဉ် တင်၍ကျူးလွှဲ သဘင်ပွဲကို။ ကရီယတိ၊ ပြုအပ်၏။ ဣတိ တသ္မာ၊ ထိုသို့ ပုခက်ယောဉ်တင်၍ကျူးလွှဲ သဘင်ပွဲကို ပြုအပ်သော သတ္တိကြောင့်။ တံ မင်္ဂလာ၊ ထိုမင်္ဂလာသည်။ ဒေါဠာကရဏံ။ ဒေါဠာကရဏာ မည်၏။

ဒေါဠာကရဏဉ္စ တံ မင်္ဂလာဉ္စာတိ ဒေါဠာကရဏာမင်္ဂလာ၊ (ကမ္မဓာရည်းသမာသ်တွဲ)။ ဒေါဠာကရဏဉ္စ၊ ပုခက်တင်ယောဉ် တင်ခြင်းအမှုကို ပြုအပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုပုခက်ယောဉ်တင်ခြင်း အမှုကို ပြုအပ်၏ဟူသည်။ မင်္ဂလာစ၊ မင်္ဂလာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ နှစ်ပါးသော သတ္တိကြောင့်။ ဒေါဠာကရဏာမင်္ဂလာ၊ ဒေါဠာကရဏာမင်္ဂလာ မည်၏။

(**မှတ်ချက်** ။ ဤနေရာ၌ သတို့သားငယ်တို့အား လှပစွာ ပြင်ဆင်ထားသော ပုခက်ပေါ်သို့ တင်ရမည်။)

ဆံရိတ်ပြီးကာစ မင်္ဂလာသာခု ကောင်းချီးပြုလျက် လူလူဝမ်းသာ ဆင်ယင်ရာကား လျှင်ဇွာမပျက် ပုခက်ယောဉ် တင်၍ကျူးလွှဲ သဘင်ပွဲကို ဆင်နွှဲအညီ ပြုအပ်သည်ကြောင့် ယူရပ်ဌာနီ တစ်ထုံးတစ်နည်းနှင့် ဘုန်းကြီး၍ အသက်ရှည်ပြီး မပျက်တစေစည်းစိမ်တိုးလို့မို့



ငြီးထိန်တန်ခိုးထက်နန်းပြေကဲ့သို့ သက်တန်းတွေ ဖြိုးကြွယ်မောတ်ပြီးလျှင် ဇွဖ ဝေဒနာကင်းတဲ့အောင်ရှည်ကြာမယွင်း ထုတ်ဖွေနည်းလိုက်တော့ ဥဒ္ဒေနီပြည် အမြန်တစ်ခဏ သစ်တသြဘာနှင့် စန္ဒပဇ္ဇောတမင်း ယခင်အကျိုးတရားကြောင့် ယာဉ်မျိုးငါးပါးကို ရတော်မူသလိုအလားပမာ အတူအကောင်းနိမိတ်အညွှန်းစာရှုလို့မို့ ငှင်းဘိသိက် သွန်းကာပြုလိုက်ပါတော့သည်။ အထွန်းဇာတာရှု၍ ပြောကာပြရလျှင် ဒေါဠာကရဏာ မင်္ဂလာဆိုတာ စဉ်အလာရှေးအကြောင်းမှီးပြီး ယခင်ကသဒ္ဒေးလောင်းကြီးတို့လို ရွှေပေါင်းပြီး သောင်းကျော်တဲ့ အောင်အလောင်းတော် မဟာဇောမိသတ်ကဲ့သို့ လောကီအရပ်ရပ် ရှေးထုံးအကျိုးဆက်ကြောင့် ဘုန်းတန်ခိုးတက်၍ မပျက်တစ်ကမ္ဘာမျှော်ပြီး အသက်ရာကျော်ရှည်စေသော….။

(ဘိသိက်မင်္ဂလာကျမ်းမှ)

www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆက်တွဲ (၈)

## ဆင်ဖြူရှင်မယ်ချောင်း
## ရေးသူ-တွင်းသင်းတိုက်ဝန်မင်းကြီးမဟာစည်သူ

သပြေမင်္ဂလာ၊ ညွန့်လာဖြာသား၊ ရွှေညာမြရိပ်၊ မောကျွန်းထိပ်ထက်။ တံဆိပ်နှစ်မည်၊ ရှန်းရှန်းစည်သည်၊ မြန်ပြည်ဇေယျ၊ တည်ဌာနဒွာ၊ ပရမရာဇိန်၊ ထိန်ထိန်လောင်မြူး၊ ဗောဓိဖူး၏၊ မြေဦးတော်မြတ်၊ နာဂတ်ရှည်ဆောင်၊ ရွှေတောင်ညာနန်း၊ မြန်းမည်အသင့်၊ ပြည်မင့်ကြေးမှျင်၊ တို့ထိပ်တင်ကို၊ ရာဇဝင်မူ၊ မင်းရတုဖြင့်၊ မင်းမူခမ်းနား၊ စကားမင်းထိုက်၊ မင်းလိုက်ဖွယ်ရာ၊ ဤစာနန်းဘွဲ့၊ နန်းစဉ်ချဲ့၍၊ တစ်ဆယ့်နှစ်ချီ၊ ဆက်ရာသီတွင်၊ နာရနီရောင်၊ ဝင်းဝင်းပြောင်သည်၊ ဖန်ဆောင်ဘုံဆင့်၊ နေမင့်နှယ်မြစ်၊ သစ်သစ်ညွန့်လန်း၊ ကုန်းတန်းဖြိုးလူ၊ စည်သူကြောင်းဝန်၊ သစ်သစ်ညွန့်လန်း၊ ကုန်းတန်းဖြိုးလူ၊ လျှောက်ဆက်ညွန်အံ့၊ မိုးစွန်မြင့်ခေါင် ဝေမှောင်မှောင်တည့်၊ တိမ်တောင် တိမ်ထဲ၊ မိုးပုလဲသို့၊ နန်းပွဲသဘင်၊ လုညာတင်သည်၊ ညင်ရွှင်တည့်ချိုလေး နာဘိသေး။ ။

(နိုင်ညွန့်ခက်ဖြာ ချနည်းတည်း)
(ဘိသိက်မင်္ဂလာကျမ်းမှ)



## မင်းရဲဒိဗ္ဗ ဧချင်း
## [ရေးသူ-အမတ်ပညာရှိ ရှင်သံခို]
## (မင်းရဲဒိဗ္ဗဧချင်းမှ ကောက်နုတ်ချက်)

တဖြိုးဖြိုးလျှင်၊ တန်ခိုးရောင်ခြည်၊ ထိန်ထိန်လည်မျှ မည်သည်မစဲ၊ နေ့တိုင်းကဲသည်၊ မင်းရဲဒိဗ္ဗ၊ နရအခေါင်၊ ရွှေနားထောင်လော့၊ ရွှေတောင်စဉ်ဆက်၊ စံပျက်မတည့်၊ နန်းတက်မုန္နော၊ ဘေးလောင်းစေတို့၊ တကြောဇမ္ဗူ၊ သိမ်းယူအုပ်စိုး၊ ရှင်ဘိုးတော်စစ်၊ ဘုန်းသစ်ထွန်းတက်၊ ဆယ့်နှစ်ဆက်လျှင်၊ နတ်ဖက်ဘမှု၊ ရှင်ဘမင်းဖျား၊ စံကြောင်းများကို၊ ကိုယ်ပွားထောင်မြန်း ဖန်ဆင်းလစ်၍၊ ရာနှစ်ရှည်ကျော်၊ ချီးကျူးသော်လည်း ကျွန်တော် လုံးခြုံ၊ လျှောက်မကုန်ခဲ့၊ ပြောက်စုံပြိုးပြက် "ပုခက်တင်မင်္ဂလာ"၊ တင်မည်ခါက၊ ဇေယျာတိထိ၊ ရာသီခန်းဝတ် နက္ခတ်ဂြိုဟ်တန့်၊ လင်္ဂလည်းသန့်၏။ အောင်ပန့်မင်္ဂလာ၊ ဒသာကြင်း နဝင်းကောင်းချီး၊ သံလွင်တီး၍၊ မှူးကြီးမတ်ကျော်၊ ကတော်စုံမင်း ဖြည်းညှင်းမစ၊ ထိမ်းယပွမ်းပွမ်း၊ အခမ်းအနား ခမ်းထားဆောင်ယောင်၊ ရွှေတောင်ပြတ်သန်း၊ ဘုန်းမွှန်းကြိုင်ကြိုင်၊ ဇေတိုင်ဇခံ၊ ကျုံကျုံကျူး ကျော်၊ စက်တော်ခေါ်ဟု၊ ရွှင်ပျော်သဘင်၊ ပုခက်တင်သည်၊ စံရွှင်တည့်မင်းရေး ပုံ့ပုံ့မွေး။

(နိုင်ညွန့်ခက်ဖြာ ချနည်းတည်း)
(ဘိသိက်မင်္ဂလာကျမ်းမှ)

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆက်တွဲ (စ)

## အမရပူရ စတုတ္ထမြို့တည် နန်းတည် မဟာဝိဇယရံသီစေတီတော် ဒါယကာမင်းတရားကြီး သမီးတော်မြတ် ရတနာကို ပုခက်တင်မင်္ဂလာပြု (လူးတား)

ရွှေနန်းမင်္ဂလာ၊ ရတနာမျက်ရှင်၊ ဇယာဥ်ပျော်ကြောင်း၊ သံပြောင်းချိုချ၊ ညီလှလေး။ ရေမြေဝှန်လှိုက်၊ ချုန်းချုန်းရိုက်မျှ၊ တိုက်စကြဝဠာ၊ ကောင်းကြီးညာ၍၊ သုနာပရာန်၊ ရန်မာန်မမှောင်၊ ပြည်ကုန်းဘောင်ကို၊ တည်ထောင်စိုးစံ၊ ဘုန်းမီးလျှံသည်၊ အသမ္ဘိန္န၊ ဘေးတော်သမူ၊ လောကထွတ်ထား၊ လောင်းဘုရားတည့်၊ သားတော်ဇကရာ၊ ပြည့်ဧယျာဝယ်၊ ရိပ်ကြာစိုးဆောင်၊ သည်ပနောင်ကား၊ မြရောင်သီတာ၊ ယဉ်ဇရာနှင့် စမ္ပာပန်းလော့င်၊ ဝန်းမျှောင်ယှက်ယံ၊ မင်းဝံသီတာ၊ ရတနာပူရ၊ မြို့ရွှေဝဠ်၊ နရတမွတ်၊ ဘေးတော်လတ်လည်း၊ လျှံပတ်ပြောင်ပြောင်၊ မုနောဆောင်၍၊ လှ့ဘောင်အလွန့်၊ အာဏာနန့်၏၊ စည်ဖွန့် သာသနာ၊ ဆင့်ကာကာသည်၊ နေသာကီနွယ် ရင်းတည့်လေး-ပရမေညွန့်ဖူး ရွှေနားနူး။

(နိုင်ညွှန့်ခက်ဖြာချနှစ်ထပ်)

(ဘိသိက်မင်္ဂလာကျမ်းမှ)



## နာမကရဏမင်္ဂလာ ပြုနည်း အနုတ္တသညာခေါ်စရာဖြင့် လျော်စွာအညီ အမည်မှည့်အံ့သောငှာ ပြုလုပ်အပ်သော မင်္ဂလာသည် နာမကရဏမင်္ဂလာမည်ပါသည်။

ဝိဂြိုဟ်ကား-အတ္တတိ နာမေတီတိ နာမံ။ နာမံ ကရိယတိ ဧတေနာတိ နာမကရဏံ။ နာမဿ ကရဏံ နာမကရဏံ။

ယံနာမံ၊ အကြင်အမည်သည်။ ပရေသံ၊ သူတစ်ပါးတို့အား။ ဝါ၊ တစ်ပါးသော သူတို့အား။ နာမေတိ၊ ညွှတ်စေတတ်၏။ ဣတိတသ္မာ၊ ထိုသို့တစ်ပါးသော သူတို့အား ညွှတ်စေတတ်သော သတ္တိကြောင့်။ တံနာမံ၊ ထိုအမည်သည်။ နာမံ၊ နာမ မည်၏။ ဧတေန၊ ထိုမင်္ဂလာဖြင့်။ နာမံ၊ အမည်ကို။ ကရောတိ၊ ပြုတတ်၏။ ဧတေန၊ ထိုမင်္ဂလာဖြင့်။ နာမံ၊ အမည်ကို။ ကရောတိ၊ ပြုတတ်၏။ ဝါ၊ မှည့်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ အမည်ကို မှည့်ကြောင်းဖြစ်သော သတ္တိကြောင့်။ တံမင်္ဂလံ၊ ထိုမင်္ဂလာသည်။ နာမကရဏံ၊ နာမကရဏ မည်၏။ နာမဿ၊ အမည်ကို။ ကရဏံ၊ ပြုခြင်းတည်း။ နာမကရဏံ၊ အမည်ကိုပြုခြင်း။

၁။ အမည်ပညတ်တို့သည် အခိုက်အတန့်ကို စွဲ၍ ဖြစ်သော ရှင်ပြုသောအခါ၊ ကိုရင်ဝတ်သောအခါ တို့၌ ပေးသောတွဲ။ ဘုရင်မင်းမြတ်တို့ ချီးမြှင့်တော်မူသော ဘွဲ့အမည် အရည်တို့သည် "အာဝတ္ထိက" အမည် မည်၏။

၂။ အဆင်းသဏ္ဌာန် ပုံပန်ကိုစွဲ၍ ဖြစ်သော ခေါင်မြူး

www.burmeseclassic.com

www.burmeseclassic.com



မောင်နီ၊ မောင်ညို၊ မောင်နက်စသော အမည်တို့သည် "လိင်္ဂိက" အမည် မည်၏။

၃။ အကြောင်းမဘက် သက်သက်အလိုအတိုင်း မှည့်အပ်သော နွဲ့နွဲ့သောင်းသောင်း ခေါ်တိုင်း ကောင်းအောင် အကြောင်းအား လျော်စွာ မှည့်သော အမည်သည် "အာဓိစ္စသမုပ္ပန္န" အမည် မည်၏။

၄။ အကြောင်းအထူး ဂုဏ်ကျေးဇူးကိုစွဲ၍ ဖြစ်သော နေ့သင့်၊ နံသင့်၊ မိတ်ဂြိုဟ်ရန်ဂြိုဟ် နံကိုရွေး ချယ်၍ ဘေးသွယ်သွယ်တို့ မထိမကပ်ရအောင် မှည့်အပ်သော အမည်သည် "နေမိတ္တိက" အမည် မည်၏။

ထို့ကြောင့် အာဝတ္ထိကအမည်၊ လိင်္ဂိကအမည်၊ အာဓိစ္စသမုပ္ပန္နအမည်တို့ကိုထား၍ ယခုအမည်ပေးအံ့ သော မင်္ဂလာမှာ ကျက်သရေ လိုတိုင်းပြီးတဲ့အောင် နေမိတ္တိကအမှန် ဗဟိုဂိုဏ်းကြီးတွင် ဆိုတိုင်းပြီးတဲ့ ဩဇာအာဏာ တို့ဖြင့် လောကသံသရာနှစ်ဖြာ အမည်တက်ပြီး ကမ္ဘာအရှည်မပျက်ညိုကာ ချိန်လိုက်တော့ ဝိသာခါ အနာထပိဏ်တို့လို ကမ္ဘာအကြိမ်တစ်ရာ မတည်ပျက်သော်လည်း အမည်မဖျက်ဘဲ သီလ၏တန်ခိုးနှင့် တည်ရသည့်အကျိုး မဟာပွလ ကြောင့် ကိုးနဝရတ်မက ဤကလေးကို အမည်ပေးရန် ပဏာမ တင်ဆင်ကာဖြင့် နာမကရဏမင်္ဂလာကို ဆင်ယင်ကာနွဲ့ပါမည်၊ မည်တွင်သညာခေါ်စရာမှာ "မောင်ကျော်စွာ" ဟု ကမ္ဘာတွင်စေဗျား၊ အသွင်ရွှေငွေ ပတ္တမြားဂမုန်းပန်း အမျိုးကလေးမှာ ဘုန်းတန်းတိုး၍ မပျက်တစ်ကမ္ဘာမျှော်ပြီး အသက်ရာကျော် ရှည်စေသော်။

(**မှတ်ချက်** ။ အမည်နေရာတွင် မိမိတို့ပေးသော အမည်ကိုလည်း ပြောင်း၍ထည့်သွင်း ရွတ်ကြလေ)

(ဘိသိက်မင်္ဂလာကျမ်းမှ)



**နောက်ဆက်တွဲ (၁)**

## ဒုဿဂဟဏ မင်္ဂလာပြုနည်း

ပုဆိုးထဘီ အင်္ကျီတဘက် ဘယက်တန်ဆာ ဒွာဒယာတို့ကို စစွာမချုတ် ဝတ်ဆင်သောအခါ ပြုလုပ် အပ်သော မင်္ဂလာသည် ဒုဿဂဟဏ မင်္ဂလာ မည်ပါသည်။

ဝိဂြိုဟ်ကား-ဒုဿံ ဂဟာပေတဗ္ဗန္တိ ဒုဿဂဟဏံ။ ဒုဿ။ ပုဆိုးထဘီ အင်္ကျီတဘက်ဘယက်တန်ဆာ ဒွာဒယာတို့.တို။ ဂဟာပေတဗ္ဗံ၊ ယူစေအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဒုဿဂဟဏံ၊ ဒုဿဂဟဏ မည်၏။

ဒုဿဂဟဏဉ္စ တံ မင်္ဂလာစာတိ ဒုဿဂဟဏမင်္ဂလာ၊ (ကမ္မဓာရည်းသမာသ်တွဲ)။ ဒုဿဂဟဏဉ္စ၊ ပုဆိုးထဘီ အင်္ကျီတဘက် ဘယက်တန်ဆာ ဒွာဒယာတို့ကို ပေးအပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုဘယက်တန်ဆာ၊ ဒွာဒယာတို့ကို ပေးအပ်၏ ဟူသည်။ မင်္ဂလာစ၊ မင်္ဂလာသည်လည်း၊ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ နှစ်ပါးသော သတ္တိကြောင့်။ ဒုဿဂဟဏ မင်္ဂလာ၊ ဒုဿဂဟဏမင်္ဂလာ မည်၏။

(**မှတ်ချက်** ။ ဤနေရာ၌ သူငယ်အား အဝတ်၊ သင်တိုင်း၊ အင်္ကျီ၊ ရွှေကြိုးဘယက်ခွက်တို့ကို ဆင်မြန်းပေးရမည်။)

နာမကရဏမင်္ဂလာကို မင်ယင်ကာ အမည်ပေးပြီးပါပေါ့၊ မနေ့ဥယျသဌေးသမီး ဝိသာခါ၊ မလ္လိကာမိဖုရား၊ ဗာရာဏသီသဌေးသမီး သုသဒ္ဒါတို့သည် လူရပ်ရွာ အတိတ်ဘဝအခါက စိတ်စေတနာတွေ ရွှင်လန်းပြီး ရွှေသင်္ကန်း ကပ်လှူရသောအကျိုးကြောင့် နတ်အဆုတစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



တံကြမ္မာဖန်လာသဖြင့် မဟာလ္လတာ တန်ဆာကို တရံမကွာ ဝတ်ဆင်ရေသီသကဲ့သို့ မချွတ်အထင်ကရ မင်းယောက်ျားတို့မှာ မယှဉ်းအဆောက်အထား နှင့်မှန်စွာ ဖွားပါသဖြင့် မင်းမြောက်တန်ဆာ ငါးပါးကို ရံခါမခြား ဆင်မြန်းကြပြီး၍ ရှင်ရဟန်းသာမဏေတို့ နည်းလိုသေးဟူသောစိတ်နှင့် ရှုတတ်သည့် ဖေဟိဘိက္ခုရဟန်းအဖြစ်၌ ခွန်းလှစ်၍ ခေါ်တော်မူသည့်ဆုနှင့် ပြည့်စုံရသည့်အကြောင်း ကောင်းမြတ်သောစိတ်နှင့် အတိတ်ကိုယူပြီးလျှင် ရိပ်ဖြူတွင် ဥတ္တမပစာယနတို့ဖြင့် ဒုဿဂဟဏမင်္ဂလာကို လျင်မကြာမပျက် ပန်ပတ္တနာ၍ ဘမရာပလ္လင်မှန်းပြီး ဘယက်တန်ဆာဒွာဒယာ တို့ကို တင်လွှမ်းလျက် ဆင်မြန်းသည့်မင်္ဂလာကို ရှင်လန်းစွာ ဆင်ယင်ပါသည်။ ယခင်အခါ ပေါ်ပြည့်နေနှင့် ဓောတိက သဋ္ဌေးကြီးတို့လိုသောအသီးသီး ရန်အသွယ်သွယ်တို့သည် အန္တရာယ်ဝေးစွာကင်းပြီး အေးမြခြင်းသီတဂူကဲ့သို့ ကြည်ဖြူစွာ ဂမုန်းပန်း အမျိုးကလေးများမှာ ဘုန်းတန်းတိုး၍ မပျက်တစ်ကမ္ဘာမျှော်ပြီး အသက်ရာကျော် ရှည်စေသော်။

(ဘိသိက်မင်္ဂလာကျမ်းမှ)



**နောက်ဆက်တွဲ (၄)**

## အာဟာရပရိဘောဂ မင်္ဂလာပြုနည်း

အသက်တစ်ရာ တောင့်တမရှိ အလိုပြည့်၍ ပကတိမယွင်း အဆင်းဆန်းထူး ထမင်းဦးခွံ့သောအခါ ပြုလုပ်အပ်သော **မင်္ဂလာသည်** အာဟာရပရိဘောဂ မင်္ဂလာမည်ပါသည်။

ဝိဂြိုဟ်ကား - အာဟာရံ ပရိဘုဉ္ဇာပေတီတိ **အာဟာရ** ပရိဘောဂေါ။ ယံ မင်္ဂလံ၊ အကြင်မင်္ဂလာသည်။ **အာဟာရံ၊** အာဟာရကို (ဝါ) ထမင်းဦးကို။ ပရိဘုဉ္ဇာပေသိ၊ စားစေ၏။ (ဝါ) ခွံ့စေ၏။ ဣတိတသ္မာ၊ ထိုသို့ ထမင်းဦးခွံ့ရသော သတ္တိကြောင့်၊ တံ မင်္ဂလံ၊ ထိုမင်္ဂလာသည်။ အာဟာရပရိဘောဂေါ၊ **အာဟာရ** ပရိဘောဂ မည်၏။

အာဟာရပရိဘောဂေါစသော မင်္ဂလာစာတိ **အာဟာရပရိ** ဘောဂေမင်္ဂလာ၊ (ကမ္မဓာရည်းသမာသ်တွဲ)။ အာဟာရပရိ**ဘောဂေါ၊** ထမင်းဦးခွံ့အပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ သော ၊ ထို **ထမင်းဦးခွံ့** အပ်၏ ဟူသည်။ မင်္ဂလာစ၊ မင်္ဂလာသည်လည်း။ ဟောတိ၊ **ဖြစ်၏။** ဣတိ တသ္မာ၊ ထိုသို့ နှစ်ပါးသော သတ္တိကြောင့်၊ **အာဟာရ** ပရိဘောဂမင်္ဂလာ၊ အာဟာရပရိဘောဂမင်္ဂလာ မည်၏။

(**မှတ်ချက်** ။ ဤနေရာ၌ မိခင်က သူငယ်အား **ထမင်းဦးကို** ဝါး၍ သုံးလုတ်ခွံ့စေရမည်။)

ဘယက်တန်ဆာ ဒွာဒယာကို ဆင်ယင်ကာ **အဟုတ်ဝည်တ်** ထုတ်၍ ဒုဿဂဟဏမင်္ဂလာဟု ထင်စွာယခု **ပြုလုပ်ပြီးသော** ဆောင်ရွက်ရာကား မင်္ဂလာထမင်းခွံ့ခြင်းအစ **အာဟာရ ပရိဘောဂ**

www.burmeseclassic.com

www.burmeseclassic.com



ပြည့်အောင် တီထိဖေယျ အဋ္ဌမင်္ဂလာ ချိန်အခါ၌ စိန္တာကဝိ ဉာဏ်နှင့် ညှိ၍ ပဏ္ဍိဂုဏ်ရောင် ယခေါင်ကာလ ခါသမယက ဒါနအမှုပြုလုပ်ပြီး ကာ အနုရုဒ္ဓါမင်းသား သုံးပါးသော ညီနောင်တို့ ပြည်ဘောင်မှာ စိတ်ရှိ မကျန်ရအောင် ဣစ္ဆိ တံ အလိုအတိုင်း ပြီးတာမို့ နိမိတ်မရှိဆိုတဲ့ အသံကို ဘိတ်မသိတာ အမှန်မရှိမှုံ့ကမှ ကောင်းတယ်လို့ ထည့်လောင်း ကာ နတ်အရသာ ဆက်ရသလို မြတ်အာဟာရအတွက် တစ်သက်အလို လိုပြီးလို့မို့ မင်္ဂဖိုလ်ခရီး ယခုအဟုတ်မကြာတဲ့အောင် အနုရုဒ္ဓါပမာ ဘဂဝါ တရားနည်းအတိုင်း အာဟာရပြီး၍ အဆင်းအဖူး အညွန့် ကလေးကို ထမင်းဦးခွံ့သော မင်္ဂလာ ဆင်ယင်ကာ နွဲပါသည်။ တင် ပဋ္ဌာနာအမြဲ ဂမုန်းပန်းမျိုးကလေးမှာ ဘုန်းတန်းတိုး၍ မပျက်တစ်ကမ္ဘာ မျှော်ပြီး အသက်ရာကျော် ရှည်စေသော်။

(ဘိသိက်မင်္ဂလာကျမ်းမှ)



## မင်္ဂလာထမင်းခွံ့စာတမ်း

၁။ မင်္ဂလာကျက်သရေ။ လ နေတမျှ။ သတိုးလုလင်တို့သည်။ ထွန်းပဖြိုးကြွယ်။ ကိုးဆယ့်ခြောက်ဖြာ။ ရောဂါအပေါင်း။ ဝေးရှောင် သန့်ရှင်း။ ရန်မာန်ကင်းသော ပထမမင်္ဂလာထမင်း။

၂။ မညှိုးကျက်သရေ။ မြရွှေအလား။ တင့်ပြောင်းတင့် သတိုးလုတို့မှာ။ ရှင်ပျူတင့်ဆုံး။ သုံးဆယ့်နှစ်ဖြာ။ ကံကြမ္မာတို့သည်။ ကိုယ်မှာမခ။ လွတ်ကြမယွင်း။ သန့်သန့်ရှင်းသော ဒုတိယမင်္ဂလာ ထမင်း။

၃။ ကြာရေအတူ။ ကြည်ဖြူတင့်တယ်။ သတိုးနွယ်တို့သည်။ ဧဘွယ်အရေး။ ဘေးနှစ်ဆယ့်ငါး။ ဝေးရာ ယှားလျက်။ ကင်းငြားရှောင်ကွင်း။ သရေလင်းသော တတိယမင်္ဂလာထမင်း။

၄။ သကမ္ဗူ။ နတ်ပန်းတူသို့။ မွှေးကြိုင်ရနံ့။ ပျံ့ပျံ့ပြေပြေ။ သတိုးဆွေတို့သည်။ ဖြိုးဝေတေဇာ။ ရတနာ တွဲ့တွဲ့။ တဆယ့်ခြောက်ဖြာ။ ကင်းကွာဥပဒ္ဒဝေါ။ ဝေးလျှောခဝင်း။ သွေကွာရှင်းသော စတုတ္ထမင်္ဂလာထမင်း။

၅။ ပုလဲအသွင်။ ဖြူစင်သန့်ရှင်း။ မြူကြည်ဝေးရန်။ ဆယ်ပါးဒဏ်ကို။ ပယ်လှန်ကွာပ။ သတိုးလုတို့မှာ အောင်မြကြည်ခြင်း။ ဂုဏ်ရောင်လင်းသော ပဉ္စမမင်္ဂလာထမင်း။

၆။ မြကျောက်အသွင်။ ကြည်လင်အဆော။ သဘောစျဉ်သို့။ ကင်းဘို့တဖြစ်။ ရပ်ပြစ်ရှစ်ပါး။ ဝေးငြားတစေ။ သတိုးဆွေတို့မှာ။ ကျက်သရေထိန်လင်း။ တောက်ပြောင် ဝင်းနိုင်သော ဆဋ္ဌမမြစ်သော မင်္ဂလာထမင်း။

www.burmeseclassic.com

www.burmeseclassic.com



၇။ အသရေ အသရေ။ မြူတေသေတ္တု။ အနှစ်စုသို့။ ကြည်မှုကြည်ရေး။ ငါးပါးဘေးနှင့်။ ကင်းဝေး ကပ်သုံး။ သတိုးဖုန်းတို့မှာ။ နှလုံးရွှင်ပျ။ သီတလရေစင်။ ကဲ့အသွင်သို့။ သန့်စင်သန့်ရှင်း။ တိုး၍ လင်းနိုင်သော သတ္တမမင်္ဂလာထမင်း။

(မင်္ဂလာဆယ်ရပ်မှတ်ဖွယ်ကျမ်းမှ)



နောက်ဆက်တွဲ (၄)

## ဘူမျာကရဏ မင်္ဂလာပြုနည်း

နှစ်ပါးအမိအဖတို့၏ အစီးအပွားအလို့ငှာ ပတ္တမြားအသီးကဲ့သို့သော သားသမီးတို့တွင် ဖွားပြီး၍ မကြာမီပင် မဟာပထဝီမြေပြင်ကို နှစ်ဖြာခြေတင်ကာ အတိုးအပွားအတိတ်နှင့် တကွ အစိုးရစေသော နိမိတ်ကြောင့် သူငါဆင်ယင်ကြတာကို ဘူမျာကရဏမင်္ဂလာလို့ ခေါ်ဆိုရပါတယ်။

ဝိဂြိုဟ်ကား-ဘူမျာ ဣဿရိယ ကာတဗ္ဗန္တိ ဘူမျာ ကရဏံ။ ဘူမျာ မြေနှင့်ရေကို။ ဣဿရိယ၊ အစိုးရစေခြင်းငှာ။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဣတိတသ္မာ၊ ထိုသို့ မြေနှင့်ရေကို အစိုးရစေခြင်းငှာ ပြုအပ်သော သတ္တိကြောင့်။ ဘူမျာကရဏံ၊ ဘူမျာကရဏံ မည်၏။

ဘူမျာ ဣဿရိယဥ္စ တံ မင်္ဂလာစာတိ ဘူမျာကရဏ မင်္ဂလာ (ကမ္မဓာရည်းသမာသ်တွဲ)။ ဘူမျာဣဿ ရိယဥ္စ၊ မြေနှင့်ရေကို အစိုးရစေခြင်းငှာ ပြုအပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုမြေနှင့်ရေကို အစိုးရစေခြင်းငှာ ပြုအပ်၏ဟူသည်။ မင်္ဂလာစ၊ မင်္ဂလာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ နှစ်ပါးသော သတ္တိကြောင့်။ ဘူမျာကရဏမင်္ဂလာ၊ ဘူမျာကရဏမင်္ဂလာ မည်၏။

(မှတ်ချက် ။ ဤနေရာ၌ ပန်းကန်ပြားသုံးချပ်တွင် တစ်ချပ်ကား သဲ၊ တစ်ချပ်ကား စပါး၊ တစ်ချပ်ကား ဆန်တို့ကို အပြည့်ထည့်၍ စီကာစဉ်ကာ ထားရမည်။ သူငယ်၏ခြေနှစ်ဖက်ထို ပထမ သဲပန်းကန်ကစ၍ စပါးဆန်တို့ကို အစဉ်အလိုက် နင်းစေရမည်။)

မိဘနှစ်ပါး ရင်ဝယ်ဖွား၍ ပတ္တမြားအတူ မခြေချမြင်သားဟူသော မေတ္တာဓာတ်နှင့် အပြစ်ဘယာ မတော်ရအောင်

www.burmeseclassic.com

www.burmeseclassic.com



ချစ်စွာအထပ်ထပ် အသုံးတစ်နည်းဖြင့် ဘုန်းကြီး၍ အသက်ရှည်ပြီး မျှော်တစေ လောကီဘဝတွင် ဓောတိက အသွင်ရတနာ ရွှေငွေပေါလို့မို့ ဝေဒနာအထွေထွေ သဘောလျှောကာ စင်တဲ့အောင် ဩဇာတွင် အာဏာတက်ပြီး ရာဇအဆက်ဆက် ရေမြေကို အစိုးရသလို အသရေတိုးကာ တန်ခိုးကြွယ်စေဖို့ မညိုးငယ်စရာ အလျှုဒါနတို့တွင် လှူသာမက ရှင်ပါမကျန်ရအောင် ဘူမျာကရဏာမင်္ဂလာဆိုတာ မြေပြင်ပထဗျာကို ခြေတင်ကာ နင်းလိုက်ပါသည်။ မယွင်းတသိုက် ရွှေငွေရတနာမိုးတို့ဖြင့် ချွေဖြိုးကာ အတိတ်အကြောင်းကိုရှုပြီး ရေမြေအစိုးရစေသော နိမိတ်ကောင်းကို ပြုပါသည်။ ယခု မင်္ဂလာ တည်သည့် ဂမုန်းပန်း အမျိုးကလေးမှာ ဘုန်းတန်းတိုး၍ မပျက် တစ်ကမ္ဘာမျှော်ပြီး အသက်ရာကျော် ရှည်စေသော်····။

(မှတ်ချက် ။ တူရိယာမပါလျှင် ဤတွင်ဖြတ်၊ တူရိယာပါလျှင် ဆိုင်းဆင့်ဆက်။)

ဆိုင်းဆင့်။ ။ ပုဏ္ဏဒါရဿ သင်္ဂဟော ကျမ်းဂန်အရ မှန်ကန်စွာ ပြရမှာဖြင့် "ပုဏ္ဏာနံ ဒါရေတိတိ ပုဏ္ဏဒါရဿ သင်္ဂဟော" ရှင့်တောမိန့်ချက် မင်္ဂလာကျမ်းအတွက်နှင့် လမ်းမပျက် သားသမီးရတနာ တို့ကို အစီးအပွားအဖြာဖြာ အသပြာ ရွှေငွေအပေါင်းနှင့်တကွ မာစေ ကြောင်း ဘုန်းတန်ခိုးတက်၍မို့ မဆုံးအကျိုးဆက် သက်တမ်းတစ်ရာ ကျော်တိုင်အောင် မပျက်တမ်း အခါတော် မြိုင်မြိုင်နှင့် ပြိုင်ဆိုင်ကာ မေတ္တာပွားလို့မို့ ရှစ်ဖြာသော တရားမင်္ဂလာတို့ကို အများ မယှဉ်သာ အောင် ယခင်အညွှန်း ဇာတ်မဟာကဲ့သို့ ကင်ပွန်းတပ်သော မင်္ဂလာ သိရောဒကဝယ် ဤလောကနယ် ကျက်သရေ အရောင်အဆင်းတို့မှာ မပျက်အခြေပြောင်ပြောင် တက်နေအရောင်လင်းသကဲ့သို့ မယွင်းယခု ယန့်ပဏ္ဏာ အခေါင်ညွှန်းလို့မို့ အလှုံအဖြာဖြာ အရောင်တွေထွန်းပြီး



ပါဝါတန်ခိုးကြွယ်ခဲ့တဲ့ မြန်ရတနာမှာ အမှောင်မစွန်းတဲ့ မဟာမျိုး မဟာနွယ်တို့ကို ကဲ ···ဆရာ့ ဆရာများက စံရာတောင်ကျွန်းဆိုတဲ့ သာနှိုးပျော်ဖွယ်ကြိုးကြီးဖွဲ့တော်မူဗျား···။

(ဘိသိက်မင်္ဂလာကျမ်းမှ)

www.burmeseclassic.com





နောက်ဆက်တွဲ (၃)

## အလှူတော် မင်္ဂလာသြဘာစာ

ဝင်ဝန်းရွှေပီ။ ခိုင်ဖူးစီသား။ ရာသီဟေမ၊ ကုန်မာသ၏။ ပြည့်ထဝန်းစက်။ ကျော်သုံးရက်ဝယ်။ အနန္တ ရတနာ၊ မျိုးထားကာလျှင်၊ ဓမ္မာသောက၊ သဒ္ဒါသဖြင့်၊ သီလမယွင်း၊ ကောင်းသတင်းနှင့်၊ သောင်းတွင်ကြေညာ၊ မြေမြန်မာဝယ်၊ နေဇာညွန့်ခိုင်၊ "ဦးသာဆိုင်" နှင့်၊ တူပြိုင်အပြီး၊ ပန်ဆုမှီးသား၊ ဇနီးကြင်ဖော်၊ ဝှဲချီးကျော်သည်၊ မပျော်သက်လျာ၊ အမရာသို့၊ နှစ်ဖြာမြိုင်မြိုင်၊ "ဒေါ်ငွေလှိုင်" တို့၊ ရှုက်ပြိုင်ဖွင့်ကာ၊ ပြည်ခေမာသို့၊ နာဝါမဂ္ဂင်၊ ထွက်လိုချင်၍၊ မျက်ရှင်ပတ္တမြား၊ ရင့်ငယ်မြှားသီသည့်၊ သားအဆုံးရှင်သွင်၊ "မောင်မောင်တင်" နှင့်၊ သောင်ခွင် ရည်ညွှန်း "မောင်မောင်ထွန်း" ဟု တို့၊ အောင်ခွန်းညွှန်ကြား၊ ၁၇ ပါးကို၊ ဘုရားဒါယနှံ့၊ သွတ်သွင်းနှံ့လျက်၊ ဓမ္မံခြုံပြ၊ ဒုလ္လဘကို၊ ကြုံရခဲဘိ၊ ခါကောင်းမိ၍၊ ဇိနမြတ်စွာ၊ သာသနာလည်း၊ ရောင်ဝါတင့်ရှန်း၊ ထိန်ထိန်ထွန်းသည်။ **ထောင်ဝန်းနေလ တင့်ထူးသော်။**

**ဆင်မြန်းဒေဝီ မဟေသီသို့** ။ ။ ရွှေညီဝန်းပတ်၊ ဘုံကြိုးပြတ်သည့်၊ မိုးနတ်သွင်နှိုင်း၊ လှကသိုဏ်းတို့၊ ဝန်းဝိုင်းရံကာ၊ ခြိမ့်ခြိမ့်ဝြာလျက်၊ ပြဟ္မာအောင်ခွန်း၊ အောင်သံညွှန်းသို့၊ ကွန့်ရွှန်းသစ်လွင်၊ အောင်စစ်ဆင်သည်၊ "သစ်ဆင်" ဂါမဟီ၊ ဇမ္ဗူဒီဝယ်၊ စုံညီမင်းပေါင်း၊ သိမ့်သိမ့်ညောင်းမျှ၊ သောင်းသောင်း လျှံလှ၊ စံမျှတည့်၊ ကဏ္ဍဝိရွှနာ၊ ပွဲမဟာကား၊ မာလာတော်ဝင်၊ ဂေါသဇင်တာ၊ အင်ဂမုံးခိုင်၊ ပင်လုံးကြိုင်မျှ၊ လှိုင်လှိုင်ပွင့်ကြ၊ ထိုမာသ၏။ ဇုဏှပက္ခာမီ၊ သုံးရက်ညီတွင်၊ နာရဏီအပ်၊ စိန်ဖူးတပ်၍၊ ဒြပ်ဂုဏ်လင်း၊ အောင်နဝင်းဖြင့်၊ နားထွင်းမင်္ဂလာ၊ ကောင်းကြီး ဖြာလျက်၊ သြဘာတင့်ထွန်း၊ အောင်စည်ရွှမ်းသည်။ **အောင်ခွန်းဓေယျ ရင့်ကျူးသော်။**

**ရှင်လန်းရွှေညီ နန်းကေသီတို့။** စိန်ရတီဆင့်၊ သီဂီမင့်ထက်၊ ကောင်းကင်နန်းတွေ၊ ယုန်စံန်းငွေငယ်၊ ကုဋ္ဌေကြယ်ပျံ၊ ရွှေဝန်းရံသို့၊ နှိုင်းစံညီတူ၊ ဤအလှူတွင်၊ ဝဇီရာစိန်အပ်သွားဖြင့်၊ နားသမင်္ဂလာ၊ သဘင်ခါကား၊ သညာယဉ်ကျေး၊ "ခင်ခင်အေး" နှင့် "ခင်ထွေး" မည်တွင်၊ "မြင့်မြင့်ခင်" တို့၊ သဘင်ပွဲကြီး၊ အောင်ပြီးစီး၍ ဘုန်းကြီးသက်ရှည်၊ ကောင်းမျိုးစည်လျက်၊ ကောင်းတည်စုရာ၊ ကောင်းစေဘုလျှင်၊ လက်ာရွှန်းနု၊ နန်းရတုဖြင့်၊ ဆန်းမှုယဉ်ယဉ်၊ ကြည်ပွဲဆင်လျက်၊ ရွှေင်ညှင်းချို၊ တြင်းဆိုပြီး၊ ယင်းထိုသြဘာ၊ မင်္ဂလာနှင့်၊ ဓေယျာ အောင်ခွန်းအောင်သံမွန်းသည်။ **ပြောင်ရွှန်းတော ပွင့်ဖူးသော်။**

(ဘိသိက်မင်္ဂလာကျမ်းမှ)

www.burmeseclassic.com



မပေါ်အမရာ ကဲ့ပမာသို့ ပညာကြွယ်မျှ ရှိပေကြလျက် စနပြည့်ဖြိုး လိုလိုတိုး၍ ရွှေမိုးပေါက္ခရ အက္ခနိဒ္ဓမှ သွန်းချရွာစေ ဒီပါမြေလည်း ခြွေရေခပင်း တေဇာလင်းလိမ့် အောင်ခြင်း နိစ္စံ ဆုလေးတန်ကို ဇကန်ဇက ရကြီးရလျက် ဓေယျဓေယျာ ဘိသိက်ဖြာသည် အောင်ပါစေသော် အောင်စေသော်...။

**မှတ်ချက်** ။ ဤဇကပိုဒ်ရတုကို နည်းမှီ၍ မျိုးတူဆင်ကွဲ တစ်ပုဒ်သတ်သတ်ရေးလိုက ရေးနိုင်ကြသည်။ သို့မဟုတ် ဤရတုကိုပင် အဆင်ပြေအောင် အမည်များကို လွှဲပြောင်း ထည့်သွင်း ပြီးလျှင် ရေးသား၍လည်း ဖတ်ကြားနိုင်ကြသည်။

(ဘိသိက်မင်္ဂလာတော်ခန်း)



နောက်ဆက်တွဲ (ပ)

## ထိမ်းမြားမင်္ဂလာပွဲတွင် ဖတ်ကြားသော သြဘာစာ-ဇကပိုဒ်ရတု (၁၃၀၄ခုနှစ် တပို့တွဲလဆုတ် ၁၃ရက်)

ရေးသားသူ ဆရာကုန္တဝဇီရ

ရေးထုံးမသွေ ပြမြဲပေသည့် ရကွေ့ခမ္မာ မိဖတာဟု ကမ္ဘာမဆွ ပြဟ္မာစ၍ ကာလမနှောင်း အချိန်ပြောင်းသော် မိပေါင်းဖခင် သည်းချာရင်နှစ် ဖြစ်တုံလစ်၍ ပွင့်သစ်စကြာ ပဒုမ္မာလို ကြုံတာ ဝဏ်းမြောက် ကြို့ပင်ကောက်တွင် ထွန်းတောက်သမ္ဘာ စိုင်ခေါင်းရွာ၌ သခ္ဓာကြည်ရွှင် စက်ပိုင်ရှင်ဟု မြော်မြင်ဆုကို ဦးဖူးညိုနှင့် ကုသိုလ် ဆက်ခံ ဒေါ်သက်နှံတို့ မျက်ပျံပတ္တမြား ရင်ဝယ်ဖွားသည့် သားသတိုးစိန် မောင်ကျော်ရိန်ကို ဂုဏ်သိန်မချို့ ဤသည့်မြို့တွင် မြေပိုင်ရှင်ဟု ဂုဏ် အင်တာလီ စုံအညီဖြင့် ကုန်သည် အလုပ်စွမ်းအန် ထုတ်၍ မယုတ်သီလာ ဘာဝနာကို မကွာပြုလို ဦးဘိုးအိုနှင့် ကုသိုလ် ဆင့်ဆင့် ဒေါ်ဒေါ်တင့်တို့ နှစ်ပွင့်သက်စု မပျက်ပြု၍ မျက်ရှုမငြိုး သမီးရတနာ အလိမ္မာဂုဏ် လှမျိုးစုံ၍ ထုံးပုံညီကာ ဝိသာခါလို ပညာပြည့်ညီ ခင်အေးကြည်တို့ နှစ်လီ နှစ်ပါး တင်မြောက်စား၍ စုလျားမသွေ နှစ်ပြား ရွှေဝယ် ဂူဟောစွဲဟာပ် ဆက်ခါစပ်သို့ မပြတ် ကြည်ဖြူ ဒီဇမ္ဗူတွင် မတူခမ်းနား အောင်လျား၌ နှစ်ပါးမောင်နှံ ဘိသိက်ခံသော် အောင်သံရွှတ်ဖတ် ဤရက်မြတ်၌ မပြတ်စဉ်လာ ဘုံသီဟာတွင် လွှမ်းခြုံသန္တာ ရုစိပတ်ကာဖြင့် မေတ္တာချစ်ပန်း တူဆင်မြန်း၍ ရွှင်လန်းမပျက် အသက်ရာကျော် ရှည်ကြောင်းမျှော်သား

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# ရည်ညွှန်းကိုးကားသည့်စာအုပ်များ

**စဉ်** **စာအုပ်အမည်**

၁။ ကုန်းဘောင်မင်း (၁၁) ဆက် မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်အပေါင်းတို့၏ အကြောင်း အရာများကိုပြဆိုသော **"မြန်မာမဟာမင်္ဂလာမင်းခမ်းတော်"**
စာရေးတော်ကြီး ဦးရာကျော်
ပထမအကြိမ် - မြန်မာ့တာရာ သတင်းစာတိုက်၊ မန္တလေးမှ ထုတ်ဝေသည့် ၁၉၀၅ ခု
၁၂၆၇ ခုနှစ် တန်ခူးလ၊ မန္တလေး
ဒုတိယအကြိမ် - ၁၉၆၈ ခုနှစ် အေးစာပေတိုက်
တတိယအကြိမ် - ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ရာပြည့်စာပေ

၂။ **ရဟန်းခံ၊ ရှင်ပြု၊ နားသ၊ ထိမ်းမြားမင်္ဂလာ ဆယ်ရပ်မှတ်ဖွယ်**
စီရင်ရေးသားသူ မော်ဘီဆရာသိန်းကြီး
မြန်မာ့အလင်းသတင်းစာတိုက် လီမိတက်
နံပါတ် (၆၁)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။

၃။ **ဆရာဖြစ် ဘိသိက်မင်္ဂလာကျမ်း**
ပ၊ ဒု၊ တ သုံးအုပ်တွဲ
ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ နိဿရစ်တပည့်ရင်း
ဆရာဣန္ဒာဝံသဇီရဘွဲ့ခံ သာယာဝတီသခင်အောင်ချိန်
ပညာ့အလင်းပြ၊ ၁၃၀၊ ဗိုလ်ချုပ်လမ်းနှင့် ၄၈-လမ်းထိပ်၊ ပုဇွန်တောင်စာတိုက်၊ ရန်ကုန်။



၄။ **မြန်မာ့ရသပညာ**
ချစ်စံဝင်း
ပန်းမျိုးတစ်ရာစာပေ၊ တိုက်(၉)၊ အခန်း(၂၀၃)၊
ပုဇွန်တောင်ဥယျာဉ်အိမ်ယာ၊
ပုဇွန်တောင်စာတိုက်
ဖုံး-၂၀၂၃၇၂
၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ပထမအကြိမ်

၅။ **မြန်မာမိသားစု Myanmar Family**
ချစ်စံဝင်း
ပန်းမျိုးတစ်ရာစာပေ၊ တိုက်(၉)၊ အခန်း(၂၀၃)၊
ပုဇွန်တောင်ဥယျာဉ်အိမ်ယာ၊
ပုဇွန်တောင်စာတိုက်
ဖုံး-၂၀၂၃၇၂
၂၀၀၃ခုနှစ် ဇွန်လ ပထမအကြိမ်
၂၀၀၆ခုနှစ် မတ်လ ဒုတိယအကြိမ်

၆။ **အရှေ့တိုင်း ယဉ်ကျေးမှု**
ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
အတွဲ (၂)
အဝေးသင်တက္ကသိုလ် စာအုပ်စာစဉ် ၁၁၄
ဦးလေးမြင့် ပါမောက္ခ
အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ်
ပထမအကြိမ် - ၁၉၈၂ ခုနှစ်၊ ဇွန်
ပဉ္စမအကြိမ် - ၁၉၈၆ ခုနှစ်၊ ဧပြီလ

www.burmeseclassic.com

www.burmeseclassic.com



အဋ္ဌမအကြိမ် - ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ
စာတည်း - ဒေါ်ခင်အေးကြည်

၇။ **မြန်မာ့ယဉ်ကျေးမှုသမိုင်း**
သိပ္ပံစိုးရင်
စံပယ်ဦးစာပေဖြန့်ချိရေး
အမှတ် (၁၄၈/၁၅၀)၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
ပထမအကြိမ် - ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ

၈။ **ရခိုင်မင်းသမီးချောင်း**
အမတ်ကြီးအဒူမင်းညို
ဟံသာဝတီပုံနှိပ်တိုက်
၁၃၂၇ ခုနှစ် (သာသနာ ၂၅၀၉) ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလ

၉။ **သခင်ထွေးချောင်း**
ရှင်သူရဲ ဆို
ဟံသာဝတီပုံနှိပ်တိုက်
ပထမအကြိမ် - ၁၉၂၈ ခုနှစ်
တတိယအကြိမ် - ၁၃၂၇ (သာသနာ ၂၅၀၉) ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ

၁၀။ **မြန်မာ့အိမ်သူ မြန်မာမှု**
ဦးအေးချို မဟာဝိဇ္ဇာ
၁၉၉၀ ပြည့်နှစ် စာပေဗိမာန်စာမူဆု
သုတပဒေသာ (ဝိဇ္ဇာ) ဒုတိယဆု
စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်
ပထမအကြိမ် - ၁၉၉၃ ခုနှစ်၊ စက်တင်ဘာ



၁၁။ **မင်းတရားရွှေထီးနှင့်ဘုရင့်နောင်**
စိန်လွင်လေးဝိဇ္ဇာ(ဂုဏ်ထူး) ဒီဂျေ
ခေတ်မီစာပေတိုက်
ပထမအကြိမ် - ၁၉၆၈ ခုနှစ်၊ ဇွန်

၁၂။ **ပေါရာဏကထာ အဘိဓာန်**
တင့်ဆွေ
သဟာယ စာပေရိပ်သာ
အမှတ်(၈)စီရုံ၊ ဗိုလ်ချုပ်ဈေး
ပထမအကြိမ် - ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ
ဒုတိယအကြိမ် - ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ

၁၃။ **သုတေသန သရုပ်ပြအဘိဓာန်**
အရှင်ဩဘာသ ဘိဝံသမထေရ်မြတ်
ဖျာပုံတိုက်သစ်၊ သရက်တောကျောင်းတိုက်၊ **ရန်ကုန်မြို့။**
သုဓမ္မဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ် ၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊ **ရန်ကုန်**
ဒုတိယအကြိမ် - ၁၃၇၇ ခုနှစ်၊ **တော်သလင်းလ**

၁၄။ **စေတိယကထာမည်သောရာဇဝင်ချုပ်**
အရိယဝံသ၊ အာဒိစ္စရံသီ
မုံရွှေစေတဝန်ဆရာတော်ဘုရားကြီး
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သုတေသနနှင့် ကျမ်းပြုဌာနက
စီစဉ်ပုံနှိပ်ထုတ်ဝေသည်
၂၀၀၃ ခုနှစ်

www.burmeseclassic.com